



mgyoe.com

mgyoe.com

# သော်တာဆွေ

# မဟာစံအိမ်တော်ကြီး





tts0030

3000.00 Ks

mgyoe.com

မဟာစံအိမ်တော်ကြီး၊ သော်တာဆွေ
မျက်နှာဖုံးပန်းချီ-ထက်မိုး။ စာမျက်နှာ ၂၇၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇူလိုင်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၂ ခုနှစ် ပြုံးစာပေ၏တတိယအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# မဟာစံအိမ်တော်ကြီး
# သော်တာဆွေ

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# [ ၁ ]

၁၉၅၆ ခု ဧပြီလ တတိယသီတင်းပတ်။

သာစည်ဘူတာသည် အထက်အောက် မြန်မာပြည်နှင့် ရှမ်းပြည်နယ်သွား မီးရထားလမ်းဆုံဖြစ်၍ ရထားများ အဝင်အထွက် မပြတ်ရှိနေသဖြင့် အချိန်မရွေး စည်ကားသောနေရာ ဖြစ်လေ၏။

ယခု ဤဝတ္ထု အစပြုသည့်နေ့ ညနေ ၄ နာရီခန့်တွင် ရှမ်းပြည်နယ်သွား မီးရထားကြီးသည် တွဲထိုးထား၍ ရှမ်းရိုးမကို တက်ရန် မီးပေါင်အားဖြည့်လျက် ရှိလေပြီ။

ထိုအချိန်မှာ သည်ဝတ္ထု၏ အဓိက ဇာတ်ကောင်တစ်ကောင်ဖြစ်သော ဝတ်လုံတော်ရ မောင်မြတ်ကျော်သည် သူ့နောက်က ပစ္စည်းထမ်းအလုပ်သမားတစ်ယောက်နှင့် ရွှေညောင်ရထားဆိုက်ကပ်ရာ စင်္ကြံပေါ် လျှောက်လာသည်။ ထုံးစံအတိုင်း ရိုးရိုးတန်းတွဲများမှာ ခရီးသည်များ ပြည့်ကျပ်နေကာ ကိုယ် ရထားပေါ်ရောက်၍ နေသားတကျရှိပြီဆိုလျှင် ရထားကို မြန်မြန်ထွက်စေချင်လျက် နောက်ထပ် လူတက်လာမှာကို ဝန်တိုမစ္ဆရိယ ရှိတတ်သော (အများအားဖြင့်) လူတို့၏ စိတ်ဓာတ်အလျောက်၊ တွဲကို လျှောက်ကြည့်လာသော မောင်မြတ်ကျော်အား တွဲပေါ်ရှိ အချို့သူတို့သည် အခန့်သင့်၍ မျက်စိချင်းဆုံသွားလျှင် ရှုသိုးသိုးဆီးကြည့်တတ်ကြသည်။ အမျိုးသမီးများကဆိုလျှင် "လာပြန်ပြီတစ်ယောက်" ဆိုသော ပုံစံမျိုး၊

mgyoe.com

mgyoe.com


ခပ်နောက်နောက် လူရွယ်များကမူ "ရုံပြည့်ပြီ ကိုယ့်လူ" ဆိုသော သဘောဖြင့် လက်ကိုပင် ပြတတ်ကြကုန်သည်။ မှတ်မှတ်ရရ သုံးခါလည်သားမျှ ခန့်မှန်းရသော ကလေးငယ်တစ်ယောက်ကသာလျှင် မြတ်ကျော်အား ပြုံးပြလျက် သုတ်စားနေသော မုန့်ကို "ဦးဦး စားပါဦး" ဟု လောကွတ်ပျူငှာလေး လုပ်ပြဖော်ရသဖြင့် မောင်မြတ်ကျော်သည် "ကြွက်ချေးထဲ ဆွမ်းဆန်တစ်စေ့ တွေ့ရသေး" ဟု သဘောပေါက်ကာ ထိုကလေးငယ်ခေါင်းကို လက်ဖြင့်ပွတ်၍ "ကျေးဇူးတင်ပါတယ်ကွာ၊ ရော့… ရော့… သားသား နောက်ထပ် မုန့်ဝယ်စားဖို့" ဟု ငွေတစ်ကျပ် ထုတ်ပေးခဲ့သည်။

စင်စစ် ရန်ကုန် တရားရုံးလောကတွင် နာမည်ရနေသော ဝတ်လုံတော်ရ မောင်မြတ်ကျော်သည် ဤလို ရိုးရိုးအတန်း၌ စီးရန်မဟုတ်။ အထက်တန်းတွဲ လက်မှတ်ကို ယူလာသူဖြစ်သည်။ သို့ရာတွင် ရှမ်းပြည် နယ်သွား အထက်တန်းတွဲတို့မှာ သာစည်ဘူတာကစ၍ ချိတ်သည်မဟုတ်။ ရန်ကုန်-မန္တလေး စာပို့ကပါလာသော တွဲများကို ပြောင်းချိတ်သည်ဖြစ်၍ သာစည်ဘူတာက တွဲအမှတ်နှင့် ခုံနံပါတ်ကို မပေးနိုင်။ ရန်ကုန်ဘူတာနှင့် ဆက်သွယ်၍ ရှမ်းပြည်နယ် အထက်တန်းတွဲမှာ ဘယ်နှနေရာ လွတ်လာတယ်ဆိုသည်ကိုသာ ကြည့်ပြီး လက်မှတ်ရောင်းသဖြင့် ခရီးသည်က ကိုယ့်ဟာကိုယ်ရှာပြီး စီးရပေသည်။

မောင်မြတ်ကျော်သည် ရန်ကုန်ဌာနေဖြစ်သော်လည်း ယခု ရှမ်းပြည်နယ်သွားရာ၌ ကိစ္စတစ်ခုကြောင့် မိတ္ထီလာကတစ်ဆင့် လာခဲ့သည်ဖြစ်သောကြောင့် သာစည်ဘူတာမှာ လက်မှတ်ဝယ်စဉ် ရောင်းသူက "ရနိုင်ပါတယ် ခင်ဗျာ။ ငါးနေရာလောက် လွတ်လာပါတယ်" ဟု ပြောလိုက်၏။

ယင်းသို့ဖြင့် ပစ္စည်းထမ်း အလုပ်သမားတစ်ယောက်နှင့် အထက်တန်းတွဲကို လျှောက်ရှာလာခဲ့ခြင်းဖြစ်လေရာ မောင်မြတ်ကျော်က ကလေးငယ်အား မုန့်ဖိုးထုတ်ပေးနေစဉ် သူ့ရှေ့ကျော်သွားသော အလုပ်သမားက ပထမဦးဆုံးတွေ့သော အထက်တန်းတွဲရှေ့မှာ ရပ်လျက် အထဲကို လှမ်းကြည့်လိုက်ပြီး…

"ဆရာ ဒီတွဲမှာ နေရာလွတ် ရှိပါတယ်"

mgyoe.com

မောင်မြတ်ကျော်သည် အလုပ်သမားပြသော တွဲအတွင်းကို လှမ်းကြည့်လိုက်ပြီး...

"အလှလားလား မုတ်ဆိတ်ဖွားကြီးတွေ ပါလားဟေ့။ တခြားတွဲ လျှောက်ကြည့်ပါဦး။ ငါးနေရာတောင်ဆိုတော့ ရှိပါလိမ့်ဦးမယ်"

သို့ဖြင့် နှစ်ယောက်သား ဆက်လျှောက်ကြ၍ နောက်ထပ်တွေ့သော တွဲအတွင်း လှမ်းကြည့်လိုက်ရာ နေရောင်လာသောဘက်က တံခါးကို ပိတ်ထားသောကြောင့် အထဲတွင် မှသဲမကွဲရှိ၍ မည်းမည်းပုံကြီးတစ်ပုံကို မြင်ရသဖြင့် မောင်မြတ်ကျော်က အလုပ်သမားအား...

"ကိုယ့်လူရ၊ အထဲက ဘာကြီးလဲဟ"

"လူကြီးတစ်ယောက် အိပ်နေတာပါ ဆရာ"

"ဟ... နည်းအာကြီး မဟုတ်ပါလားကွာ။ ဆင်ကြီးများ လူလို အဝတ်ဝတ်ပေးထားသလား အောက်မေ့ရတယ်။ ဒီထဲ သူတစ်ယောက်တည်းဟေ့။ ငါ ဒီဘက်ကပဲ လိုက်တော့မယ်"

ပြောပြောဆိုဆိုနှင့် မောင်မြတ်ကျော်သည် တွဲပေါ်တက်၊ အခန်းထဲဝင်လိုက်၍ သူ့ပစ္စည်းကိုချစေကာ အလုပ်သမားခပေးပြီးသကာလ လူကြီးအိပ်နေသော ခုံနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သောအခါ ထိုလူကြီးသည် ဝေါက်ခနဲထလာပြီး...

"ဒီအခန်းက ငါနဲ့ ငါ့သမက်အတွက် ရန်ကုန်ကတည်းက ရီဇတ်လုပ်လာတာကွ"

သူ့အသံက မြန်မာအသံမဟုတ်သော လေးလေးဝဲဝဲကြီးနှင့် မြင်လျှင်မြင်ချင်း ဆောက်နှင့်ထွင်းဆိုသလို တင်းတင်းမာမာ ရှိလှသဖြင့် ပင်ကိုစိတ်က ခပ်ဆတ်ဆတ်ဖြစ်သော မောင်မြတ်ကျော်က ခံပြင်းသွားသည်နှင့်...

"ဘယ်မှာတုန်းဗျ။ ခု ခင်ဗျား သမက်က"

"တခြားတွဲ သွားနေမှာပေါ့။ သူ လာချင်တဲ့အခါ ပြန်လာလိမ့်မယ်။ ဟောတာတွေဟာ သူ့ပစ္စည်းတွေပေါ့"

ဟု ပြောပြ၍ သူ့အိပ်ရာပေါ်က စင်တွင် ကြည့်လိုက်ရာ များစွာသော သေတ္တာနှင့် အထုပ်အပိုးတွေ။ မောင်မြတ်ကျော်က...

mgyoe.com

mgyoe.com

"အောင်မလေး… မချိမဆံ့ပါလား။ ဒါတွေ ဒီအတိုင်းထားလို့ မဖြစ်ဘူး။ အောက်ချဦးမှပဲ"

"ဘာလို့ ချရမှာလဲ၊ သူတို့ဟာ သူတို့နေတဲ့ဟာ"

"ရထားထွက်တော့ သူတို့ဟာသူတို့ နေမှာမဟုတ်ဘူးဗျ။ အောက်ကို ပြုတ်ကျလိမ့်မယ်"

"ဟား… ဟား၊ ရန်ကုန်ကတည်းက ဒီအတိုင်း ပါလာခဲ့တဲ့ဟာကို"

"ဦးက ဒီရှမ်းပြည်နယ် ခရီးလမ်းကို ဒါ ပထမဦးဆုံးအကြိမ် သွားဖူးတာ ထင်ပါရဲ့"

မောင်မြတ်ကျော် ပြောလိုသည်မှာ ဤရှမ်းပြည်နယ်သွား ခရီးမှာ ရန်ကုန်–မန္တလေးလမ်းနှင့်မတူ တောင်ဆင်းတောင်တက်၊ အကွေ့အကောက်၊ အစောင်းအလှည့်တွေရှိကြောင်း ရှင်းပြချင်ပေရာ။ သို့သော် မာနစိတ်နှင့် ခွကျလိုသော ဤလူကြီးသည် လိုရာစကားကို မရောက် စေဘဲ…

"ကျုပ်ဟာကျုပ် သွားတာ ဒါ ပထမဦးဆုံးဖြစ်ဖြစ်၊ နောက်ဆုံးဖြစ်ဖြစ် မောင်ရင့်အလုပ် ဘာမှမရှိဘူး"

ဒီတော့ မောင်မြတ်ကျော်က ပမာမခန့်သံနှင့်ပဲ…

"ဟွန်း… ကျုပ်အလုပ် မရှိဘူးလို့ မပြောနိုင်ဘူးဗျ"

"ဘာကြောင့်တုန်း"

သူ့အသံက မာသည်ထက် မာလာသည်။ ဒီတော့ မောင်မြတ်ကျော်ကလည်း မလျှော့ဘဲ…

"ဘာကြောင့်တုန်းဆိုရင် အဲသည်အပေါ်က ပစ္စည်းတွေ မတော် တဆ ပြုတ်ပျက်ပြုတ်ကျလို့ ကျုပ်ကို ထိခိုက်နာကျင်စေမယ်ဆိုရင် ခင်ဗျား တို့သမက်၊ ယောက္ခမနှစ်ယောက်ကို ကျုပ်က တရားစွဲပြီး လျော်ကြေး တောင်းရလိမ့်မယ်ဗျ။ ကျုပ် ဘယ်သူလဲဆိုတာလဲ ကောင်းကောင်း မှတ်ထား လိုက်ဦး။ ဝတ်လုံတော်ရ ဦးစိုင်းမြတ်ကျော်တဲ့။ ရန်ကုန်ရှေ့နေ လောကမှာ မသိတဲ့လူ မရှိဘူး" ထိုအခါ ထိုလူကြီးကလည်း…

"ဟော့… ငါကလည်း ထားဝယ်သူဌေး လောကမှာ မသိတဲ့လူ မရှိဘူးကွ။ မင်း ခန္ဓာကိုယ် ကျိုးပဲ့သမျှကို ထိုက်တန်သလောက် လျော်နိုင်

mgyoe.com

mgyoe.com


ပါတယ်။ ငါ ဘယ်သူလဲဆိုတာလဲ မှတ်ထားလိုက်ဦး။ ထားဝယ်က မိုင်းသူဌေး ဦးရွှေဒိုးဆိုတာ ငါပဲကွ။ နားလည်ထားလိုက်ပါ"

သည်တော့ မောင်မြတ်ကျော်က အိပ်စင်ပေါ်က ပစ္စည်းပစ္စယ အနေအထားကို တစ်ဖန် မော့ကြည့်လိုက်ပြန်ပြီး...

"ဒါဖြင့် ကောင်းပြီ။ တော်တော်ကြာတော့ ဘယ်သူ ဘယ်လိုဖြစ်မလဲ ဆိုတာ စောင့်ကြည့်ကြတာပေါ့။ အခု ပြောနေလို့ အပိုပါပဲ"

"အို... ကျုပ်ကလည်း မောင်ရင့်ကို စကားအဖက်လုပ်ပြီးများ ပြောနေချင်တယ် အောက်မေ့လို့လား"

ဟု ပြောပြီး တုံးလုံးလဲကာ ပြန်လည် အိပ်စက်လိုက်လေ၏။

ထိုမှ မကြာမီ ရထားကြီးသည် ဥသြသံ သုံးချက်ပေး၍ သာစည် ဘူတာမှ ထွက်လာခဲ့လေ၏။ သာစည်နယ်နှင့် ရှမ်းပြည်နယ်အကူး ရှုခင်းသည် ဤလိုညနေခင်းမျိုးမှာ သာယာလှပေသည်။ သာစည်နယ်အတွင်းရှိ ပူပြင်းသော ရာသီဥတု၏ ရင်သွေးများဖြစ်ကြသော ထနောင်းပင်၊ တဖောင်းပင်၊ ဆူးရစ်ချုံ စသည့် ဆူးရှဲသော အစေးထွက်သော အပင်မျိုးတွေ တစ်စ တစ်စ ပါးလျားလာကြသည်။ ဤကွင်းရှိ ကျယ်ပြန့်သော စားကျက်ပြင်ကြီးမှာ နွားအုပ်၊ ဆိတ်အုပ်၊ သိုးအုပ်တို့သည် တလှုပ်လှုပ် ရွေ့လျားနေလျက် သူတို့နှင့်အတူ သူတို့ကိုယ်က ပိုးမွှား များကိုသာ စားနေကြသော ဥဖျိုင်းနှင့် ငှက်တော်တို့ကိုလည်း အဖြူနှင့် အမည်း သဲသဲကွဲကွဲ မြင်ကြရသည်။

ညနေက သာစည်မှ ထွက်ခဲ့သော ရထားသည် နေလုံးပျောက်သော အချိန်၌ ရှမ်းပြည်နယ်ထဲသို့ ဝင်ခဲ့၍ ရှုခင်းလည်းပြောင်းပြီး နောက် ရာသီဥတုလည်း ချမ်းအေးလာလေသည်။

ထို့ကြောင့် မောင်မြတ်ကျော်သည် သူ့သေတ္တာထဲမှ အနွေးထည်ကို ထုတ်ဝတ်ပြီး ကိုယ်ကို သက်သောင့်သက်သာ လဲလျောင်းကာ မိမိ ရှမ်းပြည်နယ်သို့ ယခု လာခဲ့ရသည့်အကြောင်းကို ပြန်လည် စဉ်းစားသည်။

ပထမ သူ့ဦးရီးတော် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နယ်စား ဦးခွန်ပိုင်ထံမှစာ။

မောင်မြတ်ကျော်သည် ဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်းတို့

mgyoe.com

mgyoe.com


နယ်ပယ်မှာ သူတစ်ပါးကို ကူညီမစတတ်သော စိတ်နှလုံးကောင်းရှိသော လူတစ်ယောက်ဟု ကျော်ကြားသူဖြစ်သည်။ သူ့အမေမှာ ဖော်ပြပါ နယ်စား ဦးခွန်ပိုင်၏ နှမဖြစ်သည်။ နယ်မှ ၁၀ တန်း အောင်မြင်၍ ရန်ကုန်ကောလိပ်တွင် ကျောင်းဆက်နေခဲ့ရာမှ မောင်မြတ်ကျော် ဖခင်ဖြစ်သူနှင့် အိမ်ထောင်ကျခဲ့သည်။ သူ့ဖခင်သည် လိုင်စင်ခေတ်က အတွင်းဝန်များရုံး ဝန်ထောက်ဖြစ်၍ ရန်ကုန်ဆင်ခြေဖုံးမှာ ခြံနှင့်ဝင်းနှင့် မော်တော်ကားနှင့် ကောင်းကောင်းမွန်မွန် နေနိုင်ခဲ့ကြသည်။ သူ့မိခင်သည် ဤသားတစ်ယောက်သာ မွေးပြီး မောင်မြတ်ကျော် ဖခင် ကွယ်လွန်သောအခါ ငယ်ငယ်ရွယ်ရွယ်ပင်ဖြစ်သော်လည်း မျိုးရိုးအလျောက် နောက်ထပ် အိမ်ထောင်မပြုတော့ဘဲ လင့်လုပ်စာ လက်ကျန်ပစ္စည်းဖြင့် ဘုန်းကြီးလမ်းတွင် ပွဲရုံတစ်ခုဖွင့်ကာ မိမိတို့အရပ်မှ ထွက်သော ရှမ်းဖက်၊ လက်ဖက်ခြောက် စသည့်ကုန်များကို ရောင်းဝယ်ဖောက်ကားလျက် သားကလေးတစ်ယောက်ကို ပေါက်မြောက်အောင် ပညာသင်ကြားပေးခြင်းဖြင့် ယခု မောင်မြတ်ကျော်သည် နာမည်ရဝတ်လုံတစ်ယောက် ဖြစ်ခဲ့လေပြီ။ သို့တိုင် သူ့မိခင်သည် ပွဲရုံအလုပ်ကို ဆက်လက်လုပ်ကိုင်လျက်ပင်။ ရှမ်းပြည်နယ်ကိုမူ သူတို့သားအမိသည် တစ်ခါတစ်ရံမှ အလည်အပတ် သွားတတ်ကြသည်။

သူ့ဦးရီးတော် ဦးခွန်ပိုင်ကား ယခုခေတ်မှာ ဟိုတုန်းကလို နယ်စားပယ်စားခေတ် မကောင်းတော့သဖြင့် ရှေးကာလက တည်ဆောက်ခဲ့သော စံအိမ်တော်ကြီးမှာ ရွှေကျောင်းပြောင်ပြောင် ဝမ်းဟောင်းဟောင်းဆိုသလို အခြေအနေ မယိမ်းမယိုင်အောင်သာ ဟန်မပျက်ဖို့ ကြိုးစားနေရသည်။ တယ်ပြီးနိပ်လှသည်တော့မဟုတ်။ သူ့မှာ သားတစ်ယောက်၊ သမီးအပျိုတစ်ယောက်ရှိသည်။ ဇနီးကား ကွယ်လွန်ခဲ့ပြီဖြစ်၍ မုဆိုးဖိုဘဝနှင့် နေရသည်။

အထူးသဖြင့် ဦးခွန်ပိုင်သည် ဆွေမျိုးတို့အလယ်မှာ သူ့ပစ္စည်းတော့ ကပ်စေးနှဲသည်။ သူများအပေါ်တော့ စီးပိုးချင်သည်။ ဆွေမျိုးသားချင်းကို တစ်စုံတစ်ရာ အကူအညီလိုမှ သတိရသည်ဟု ယူဆသောကြောင့် မောင်မြတ်ကျော်သည် သူ့ဦးရီးဆီက အောက်ပါစာလာတော့ မဲ့ပြုံး ပြုံးမိသည်။

mgyoe.com

mgyoe.com

တူတော်မောင် စိုင်းမြတ်ကျော်

*ဦးရိုးတော်မှာ အရေးတကြီး ကိစ္စတစ်ခု တိုင်ပင်စရာရှိ၍ ယခု စာရလျှင်ရချင်း လာစေလိုပါသည်။ တို့မှာ ဆွေမျိုးသားချင်း ရယ်ဆိုပြီး ရင်းရင်းချာချာ အားကိုးစရာကား ငါ့တူတစ်ယောက် တည်း ဦးရိုးတော် မြင်သည်။ ဒါကြောင့် မပျက်မကွက် ဆက်ဆက် လာစေလိုပါသည်။ ရောက်မည့်ရက်ကို ကြို၍ စာရေးပါ။ ကလော ဘူတာမှာ အိုက်ပန်းကို လာကြိုစေပါမည်။*

*မင်း မိခင်နှင့်တကွ တူတော်မောင် ကျန်းမာချမ်းသာရန် နေ့စဉ်မပြတ် ဆုမွန်တောင်းပါသည်။*

ဦးရိုးတော် ခွန်ပိုင်

နေ့စဉ်မပြတ် ဆုတောင်းနေတယ်ဆိုသူက ယခု ကိစ္စရှိမှ စာရေး ဖော်ရသည်။ စင်စစ်တော့ ယခု မောင်မြတ်ကျော် ရှမ်းပြည်နယ်သို့လာခဲ့ သည်မှာ ဤစာကြောင့်တော့ မဟုတ်ပေ။

ထိုစာရောက်ပြီး နောက်တစ်နေ့မှာ ဒုတိယစာတစ်စောင်...

အစ်ကိုကျော်

*ဒီစာရရင် ဟိုမှာ ဘာလုပ်နေနေ၊ ထားခဲ့ပြီး ချက်ချင်း လာခဲ့ပါ။ သန္တာမှာ သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ ကိစ္စတစ်ခု တိုင်ပင်စရာရှိလို့။ ဘာဘကို ဒီစာရကြောင်း မပြောနဲ့သိလား။ ဒီရောက်မှ အကြောင်းစုံ ရှင်းပြမယ်။*

ညီမလေး စောသန္တာ

ဦးခွန်ပိုင့်သမီး စောသန္တာဆီမှ စာဖြစ်သည်။

မောင်မြတ်ကျော်သည် သူ့မိခင်က မွေးရာမှာ ဥတစ်လုံး တစ်ကောင် ကြွက်မို့ ငယ်စဉ်က အတူနေခဲ့ဖူး၍ ချီပိုးယုယ ချော့မြူခဲ့ရသော ဒီညီမဝမ်းကွဲ လေးကို ချစ်ရှာသည်။ ဤသူငယ်မလေးသည် ယခု ချောမောလှပသော အပျိုကလေး ဖြစ်နေချေပြီ။ မိန်းကလေးတို့၏ အရေးအကြီးဆုံးသော

mgyoe.com

mgyoe.com

ဒီအချိန်၊ ဒီအရွယ်မှာ ဘယ်လို အခင်းကိစ္စဖြစ်၍ မိမိအား အကူအညီ ခေါ်ရပါသနည်း။ ဒါကို သူ့ဖခင် မသိစေချင်ဘူးဆိုတော့ စဉ်းစားစရာ ဖြစ်သည်။ ထို့ကြောင့် ဤမိန်းကလေးအတွက် မောင်မြတ်ကျော် ရှမ်းပြည်နယ်သို့ လာခဲ့ခြင်းဖြစ်သည်။

ယင်းသို့ မောင်မြတ်ကျော်သည် သူ့ချစ်ညီမလေးအတွက် တွေးတောစဉ်းစားနေခိုက်...

"ဂလောက်... ဂလော၊ ဂလောက်လောက်... ဂလော"

အိပ်မောကျနေသော ဦးရွှေဒိုး၏ ဟောက်သံကြီး၊ လူဝကြီးများအိပ်သည်ကို ကြုံဖူးသူတို့ သိကြပေမည်။ အိပ်မပျော်ဘဲ တစ်ယောက်တည်းအနီးမှာ နေရသူအဖို့ အင်မတန် နားကြားခက်လှသည်။

ထို့ပြင် ဦးရွှေဒိုးကိုယ် ကြီးနေပုံမှာလည်း လည်ပင်းကြီးခေါက်နေသဖြင့် ဒီလူကြီးအနေဆိုး၍ အသံဆိုးထွက်နေသည်ဟု အောက်မေ့သောကြောင့် သူ့အား သက်သောင့်သက်သာဖြစ်အောင် ကိုယ်ကို ပြုပြင်စေရန်အလို့ငှာ မောင်မြတ်ကျော်သည် စောင်ခြုံအောက်မှ ဖောင်းထွက်နေသောအိုးစရည်းမျှ ဗိုက်စူစူကြီးကို လက်နှင့်ထိုးလိုက်တော့ အဘိုးကြီးသည်ရုတ်တရက် လန့်နိုးကာ...

"ဘာလဲကွ။ ငါ့ဟာငါ အိပ်တာမှ အကောင်းမအိပ်ရဘူး။ ဘာကြောင့်နှောင့်ယှက်တာလဲ"

"အာ... နှောင့်ယှက်တာ မဟုတ်ပါဘူးဗျာ။ ဦးလည်ပင်းကြီး စောင်းနေတော့"

"ဟေ... ငါ့လည်ပင်း စောင်းရုံမကလို့ ကျိုးနေနေ၊ မင်းနဲ့ ဘာမှမဆိုင်ဘူး"

"ဟာ... ဆိုင်ပြီလားဗျာ။ ခင်ဗျားဟောက်သံကြီးက ကျွန်တော်နားမခံသာဘူးဗျ"

"ဟေ... နားမခံသာရင် ခုတွဲပေါ်က ဆင်းသွားကွာ။ မင်းကိုဘယ်သူက ချော့မော့ထားလို့လဲ၊ ထွီ"

ဟု ပြောလိုက်ပြီး သူ့ကိုယ်ကို စောင်း၍ အိပ်ပျော်သွားပြန်လေ

mgyoe.com

mgyoe.com


သည်။ ပြင်းထန်စွာ ဟောက်တတ်သော လူဝကြီးများသည် ပက်လက်အိပ်လျှင် အသံတစ်မျိုး၊ တစောင်းဆိုလျှင် အသံတစ်နည်း မြည်ဟီးတတ်လေရာ ယခု ဦးရွှေဒိုးသည် အသံစူးစူးရှရှနှင့် မြွေမြည်သလို တစီစီအော်ပြန်လေ၏။

မောင်မြတ်ကျော်သည် ဒီလူကြီးတွဲ ဝင်စီးမိတာ အမှားကြီးမှားခဲ့လေပြီ။ ပထမ အလုပ်သမားပြသော တွဲကို ဝင်စီးမိတာမှ ကုလားများ မအိပ်ခင် စကားများရုံနှင့် ထောပတ်နံ့၊ မဆလာနံ့က ထမင်းဆာလျှင် မွှေးလာပေလိမ့်ဦးမည်။ ယခုမူ သူနှင့် မအိပ်ခင်ကလည်း ရန်ဖြစ်ရ၊ အိပ်ပြန်တော့လည်း သူ့ဟောက်သံက ညှဉ်းဆဲ၊ အို... ဒါကြောင့် သူ့သမက် အရင်းခေါက်ခေါက်ပင် ဒီတွဲက ရှောင်ထွက်နေတာကိုးဟု စဉ်းစားမိလေ၏။ အင်း... ဒါမျိုးကြီး ယောက္ခမ တော်ရတာလည်း တယ်မလွယ်ပါလား။ အို... သူ့သမီးက ဘယ်လောက်ချောနေသလဲ ဒါကလည်း ရှိသေးတာကိုး။ ဒီလူကြီးက သူဌေးဆိုတော့ မိန်းမချောချောလည်း ရမယ်။ နို့ပြီး ဦးရွှေဒိုးကို သေသေချာချာကြည့်တော့ ကိုယ်ကြီးက ဝလွန်းလို့ အကြည့်ရခက်နေသော်လည်း မျက်နှာကတော့ အရုပ်မဆိုးပေဘူး။ ဒါကြောင့် သူသည် သမီးချောချောကို မွေးနိုင်ပေမည်။

မောင်မြတ်ကျော်သည် ဤသို့ တောင်စဉ်ရေမရ လျှောက်တွေးနေသော်လည်း ဦးရွှေဒိုးမူ အအိပ်မပျက်၊ အဟောက်မပျက်၊ ရထားလှုပ်သောအခါ သူ့ခန္ဓာကိုယ်ကြီးက ကျောက်ကျောတုံးကြီးလို တအိအိတုန်နေလိုက်သေး။ ယင်းသို့ဖြင့် လာခဲ့ရာ ရထားသည် တောင်စောင်း တောင်ကွေ့များကို ပတ်၍တက်သောအခါ ဦးရွှေဒိုး အိပ်ရာအပေါ်က အဆင့်တွင် တင်ထားသော သေတ္တာနှစ်ထပ်၊ သုံးထပ်တို့သည် လှုပ်ရှား၍ နေရာရွေ့နေလေပြီ။ ယင်းကို ရှမ်းပြည်နယ်မှာ နေနေကျဖြစ်သော မောင်မြတ်ကျော်သည် ဘယ်နေရာ၊ ဘယ်ကွေ့ရောက်လျှင် ဘယ်လိုဖြစ်မည်ကို သိ၏။ သည်အတိုင်းကြည့်နေလိုက်ပါက မိမိက အရိပ်အခြည်ကြည့်၍ ရှောင်တိမ်းနိုင်မည်ဖြစ်သောကြောင့် အန္တရာယ် မတွေ့နိုင်သော်လည်း ပြောမရ၊ ဆိုမရနှင့် အသိဉာဏ်ကင်းမဲ့စွာ အိပ်မောကျနေသော အဘိုးကြီး၏ နံစောင်းပေါ်သို့ကျပါမူ နံရိုးကျိုးနိုင်သည်။ ထို့ကြောင့် မိမိက ကူညီနိုင်ပါလျက် လူတစ်ဦးဒုက္ခရောက်

mgyoe.com

mgyoe.com

မှာကို မကြည့်ရက်နိုင်သော မောင်မြတ်ကျော်သည် သူ့အပေါ်က သေတ္တာအချို့ကို အောက်ချ၍ နေသားတကျ ထားလိုက်၏။ ဦးရွှေဒိုးကမူ သူ၏ပစ္စည်းတွေ အားလုံးယူသွား၍မှ အိပ်ရာက နိုးမည်မဟုတ်။ ထို့ကြောင့် မောင်မြတ်ကျော်သည် မိမိ ဆင်းရမည့် ကလောဘူတာ ရောက်ခါနီး၌ ဦးရွှေဒိုးအား မှတ်လောက်သားလောက်သော အရာတစ်ခုကို ပြုခဲ့လေ၏။

ကလောဘူတာ ဆိုက်သောအခါ၌ ည ၁၁ နာရီကျော်ပေပြီ။ ဘူတာရုံက မီးများက မှုန်ပျပျနှင့်။ တသုန်သုန် တိုက်ခတ်သောလေထဲဝယ် ကိုယ့်လက်၊ ကိုယ့်ခြေမှန်းမသိ။ ထုံကျင်လောက်အောင် အေးမြလှသည်။

မောင်မြတ်ကျော်သည် ရထားရပ်လျှင်ရပ်ချင်း သူ့သေတ္တာကို သူဆွဲ၍ တွဲပေါ်မှ ဆင်းခဲ့သောအခါ၌ ချမ်းအေးလှသော ညဥ့်အချိန်မို့ တိတ်ဆိတ်ခြောက်ကပ်လှသော ဘူတာတွင် ရှမ်းဘောင်းဘီ၊ ဆွယ်တာလက်ရှည်၊ တဘက်ခေါင်းပေါင်းနှင့် လူတစ်ယောက် သူ့အနီးသို့ ရောက်လာပြီး...

"ဟာ... ဆရာလေး၊ တစ်ယောက်တည်းပဲလား"

"အို... အိုက်ပန်း၊ ဒီအချိန်ကြီး ခင်ဗျားက ကျွန်တော့်ကို လာကြိုနေတယ်"

အိုက်ပန်းသည် မောင်မြတ်ကျော်အမေးကို အဖြေမပေးသေးဘဲ နံဘေးပတ်ဝန်းကျင်ကို လျှောက်ကြည့်ရင်း...

"တခြားလူတွေလည်း မမြင်ပါလား"

"ဘာလဲ၊ ဒီပြင် ဧည့်သည်တွေကော ကြိုဖို့ရှိလို့လား အိုက်ပန်း"

"ဟုတ်ကဲ့... ခင်ဗျ။ တော်ကြီးဘုရားက ဧည့်သည်သုံးယောက်ပါ ကြိုခဲ့ဖို့ ပြောလိုက်တယ်"

ထိုစဉ် မောင်မြတ်ကျော် ဆင်းခဲ့သော တွဲထဲမှ လူးလွန့်လူပ်ရှားသံနှင့် ဒေါသတကြီး ရေရွတ်သံ ထွက်လာသည်။ မောင်မြတ်ကျော်သည် သူ့သေတ္တာကို ကောက်ယူပြီး ရှေ့မှ ထွက်ခွာရင်း...

"ကဲ... လာဗျာ အိုက်ပန်း။ ဒီလောက်ကြာလို့မှ ဆင်းမလာရင် ဒီရထားမှာ မပါလို့နေမှာပါ"

ငေးတေးတေး ငိုင်တိုင်တိုင် လုပ်နေသော အိုက်ပန်းက...

mgyoe.com

mgyoe.com


"တော်ကြီးဘုရားတော့ စိတ်များဆိုးနေမလား မသိဘူး"

"ဒို... မပါလာတာတော့ ဘယ်တတ်နိုင်မလဲ။ သာစည်မှာ ရထား မမီလို့ နေမှာပါ"

"မဟုတ်ဘူး ဆရာလေးရဲ့။ သူတို့က ရန်ကုန်က လာမှာတဲ့"

"ဒါဖြင့် မလာလို့ နေမှာပေါ့ဗျာ"

ညရထားမို့ ကလောဘူတာတွင် ကြာကြာမရပ်ဘဲ ထွက်ခွာသွားသည်။

■

mgyoe.com

mgyoe.com

# [ ၂ ]

ဦးရိုးတော် ခွန်ပိုင်၏ မဟာစံအိမ်တော်ကြီးသည် မှုန်ပျပျ လရောင်အောက်ဝယ် အလွန်တင့်တယ် ခံ့ညားလှသည်ဟု မောင်မြတ်ကျော် စိတ်ထဲ၌ အောက်မေ့မိသည်။ ဤအိမ်တော်ကြီး တည်နေပုံက တစ်မူထူးခြားသည်။ တောင်ကတုံးပတ်လည် ဝိုင်းလျက်ရှိသော ချိုင့်ဝှမ်းထဲတွင် မြေသား ကျောက်ပျဉ်ပေါ်၌ ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသည်ဖြစ်၍ ဇလုံ တစ်လုံးထဲတွင် လက်ဖက်ရည်ကရားချထားသည့်ပုံနှယ်တည်း။

ဤမဟာစံအိမ်တော်ကြီး၏ သက်တမ်းမှာ နှစ်ပေါင်းတစ်ရာကျော် ခဲ့ပြီ။ မူလက သစ်သားဖြင့် ဆောက်ခဲ့သော်လည်း ယခု ကျောက်သားဖြင့် တည်ဆောက်ခဲ့ရသော အကြောင်းကား ဤသို့တည်း။

ဤခွန်ပိုင်နယ်နှင့်ကပ်လျက် ခွန်နိုင်နယ်သည် ရှိ၏။ မြန်မာပြည် ကိုယ့်မင်းကိုယ့်ချင်းနှင့် ခေတ်ကောင်းခဲ့စဉ်က ခွန်ပိုင်နှင့် ခွန်နိုင်နယ်စားတို့ သည် မျိုးရိုးနှင့်ချီ၍ မတည့်ခဲ့ကြ။ သူ့ဘက်ကကျူး သူဦးသူဆော်နေခဲ့ကြရာ တစ်ခါသော် ခွန်နိုင်နယ်မှ ကျွဲ၊ နွားအချို့ ပျောက်သည်ကို ခွန်ပိုင်နယ်သား များကို စွပ်စွဲခဲ့သည်။ သို့ဖြင့် တစ်ရံတစ်ခါသော် ခွန်ပိုင်နယ်အထက် စော်ဘွား ကြီး၏ မြို့တော်မှာ စော်ဘွားကြီး၏သား ရှင်ပြုအလှူကြီးလုပ်သည်၌ ခွန်ပိုင် နယ်သား ယောကျာ်းများ အားလုံးလိုလို အကူအညီ သွားပေးရသည်။ ဤသို့ ယောကျာ်းများမရှိခိုက် ခွန်နိုင် နယ်စား၏ တပ်များသည် ခွန်ပိုင်နယ်ထဲသို့

mgyoe.com

mgyoe.com


ဝင်ရောက်တိုက်ခိုက်ကာ ခွန်ပိုင်စံအိမ်တော်ကြီးကို မီးရှို့ပစ်သည်။ ထိုစဉ်က ခွန်ပိုင်နယ်စားကြီး၏ မျက်မမြင် ဘွားအေကြီးမှာလည်း မီးထဲပါသွားခဲ့သည်။

ထိုမှ သူတို့နှစ်ဦးသည် ကမ္ဘာ့ရန်ဖြစ်ကြ၍ တစ်ဦးလစ်လျှင် တစ်ဦးက ဝင်ဆော်လေ့ရှိသဖြင့် ခွန်ပိုင်တို့သည် သူတို့စံအိမ်တော်ကြီးကို မီးရှို့မဖျက်ဆီးနိုင်စိမ့်သောငှာ ကျောက်တုံး ကျောက်သားတို့ဖြင့် ထပ်မံတည်ဆောက်ထားခြင်း ဖြစ်ပါလေ၏။

ယင်းကား ဤဝတ္ထုဇာတ်လမ်း၏ အဓိကဖြစ်သော ထိုခွန်ပိုင် "မဟာစံအိမ်တော်ကြီး" ၏ ရာဇဝင် အကျဉ်းချုပ်ပေတည်း။

* * *

အိုက်ပန်း မောင်းလာခဲ့၍ မြတ်ကျော် စီးလာခဲ့သော ဖို့ဒ်ကားအိုလေးသည် မဟာစံအိမ်တော်ကြီးဝင်းအတွင်းသို့ ရောက်လတ်သော် အိမ်ရှေ့ဆင်ဝင်အောက်မှ ခိုင်ခံ့ထူထဲသော တံခါးကြီးပွင့်ဟလာပြီး ဦးရီးတော် ခွန်ပိုင်ကိုယ်တိုင် ထွက်၍ ကြိုလေ၏။ သူသည် ရှမ်းဘောင်းဘီအနက် ထူထူပွပွကြီးကိုဝတ်၍ လောင်းကွတ်အင်္ကျီရှည် ခေါင်းပေါင်းနီနီကြီးနှင့် ကားတံခါးအနီးမှာ ကိုယ်ကိုညွှတ်ကိုင်းပြီး ရှမ်းသံဝဲဝဲနှင့်...

"ယခုလို ကြွရောက်လာတာကို အထူးပဲ ဝမ်းမြောက်စွာ ကြိုဆိုပါတယ် ခင်ဗျာ"

သို့တိုင် ကားထဲက ဘာသံမျှ မကြားရသဖြင့် ကားအတွင်းထဲသို့ ငုံ့ကြည့်လိုက်သောအခါ လက်ပိုက်၍ ပြုံးစိစိနှင့် ထိုင်နေသော တူတော်မောင်မြတ်ကျော်ကို တွေ့ရသဖြင့် ကားမောင်းသူကို စိတ်ဆိုးမာန်ဆိုးနှင့်...

"ဟေ့... အိုက်ပန်း၊ ငါ ကြိုခိုင်းတဲ့ လူတွေကောကွ"

အိုက်ပန်းသည် ကားပေါ်မှဆင်း၍ ဦးခွန်ပိုင်ရှေ့ ကုန်းကုန်းကွကွနှင့် အရိုအသေပြုကာ...

"သူတို့ မီးရထားနှင့် ပါမလာကြပါဘူး တော်ကြီးဘုရား"

"ဒီနေ့ ညရထားနဲ့ ပါလာမယ်လို့ သေသေချာချာ စာရေးထားတာပဲကွ။ ဘယ့်နှယ်ကြောင့် ပါမလာကြတာတုန်း"

mgyoe.com

 mgyoe.com 

မောင်မြတ်ကျော်လည်း ကားပေါ်မှ ဆင်းလာပြီး စပ်ဖြီးဖြီးနှင့် သူ့ဦးရီးတော်အား လက်ကမ်း၍...

"ဒီလို ညအချိန် ချမ်းချမ်းစီးစီး သန်းခေါင်ကြီးမှာ ကျွန်တော့်ကို အပင်ပန်းခံပြီး စောင့်ကြိုနေတာကို အထူးပဲ ဝမ်းသာလှပါတယ် ခင်ဗျား"

ဟု ပြောလေရာ ဦးခွန်ပိုင်သည် သူ့လက်ကို ပုတ်ထုတ်လိုက်ပြီး...

"ငါလခွီး... မင်းကို စောင့်ကြိုနေတာ မဟုတ်ဘူးကွ။ ငါ့ဧည့်သည် တွေ လာမယ်ဆိုလို့၊ နို့မဟုတ်ရင် ဒီအချိန်မျိုး ငါ့ကို အိပ်ရာထဲက ကုတ်နဲ့ ကော်ထုတ်တောင် ငါ ထမည်မဟုတ်"

"ဦးရီးတော် ဧည့်သည်တွေက ဘယ်သူတွေမို့ ဒါလောက် အရေး ကြီးရတာလဲဗျ"

ဦးခွန်ပိုင်သည် အိမ်ထဲ ပြန်ဝင်နေရာမှ တူတော်မောင်အား လက် နောက်ပြန် လှမ်းခေါ်လျက်...

"လာကွာ၊ အပြင်မှာ အေးလိုက်တာ"

ဧည့်ခန်းထဲရှိ မီးလင်းဖိုကြီးမှာ ပြာကျစပြုနေပြီ။ စားပွဲဝိုင်း တစ်လုံးပေါ်တွင် ဝီစကီနှင့် ဆိုဒါဆိုင်ဖုန်နှင့် ဖန်ခွက်လေးလုံး ပြင်ထားသော ယွန်းလင်းပန်းရှိသည်။ ဦးခွန်ပိုင်သည် ပုလင်းထဲမှ အရက်ကို ဖန်ခွက် နှစ်လုံးထဲ လက်သုံးသစ်စီမျှ ငှဲ့ထည့်၍ မိမိခွက်ထဲက အရက်ကို ဆိုဒါမရောဘဲ တစ်ချက်တည်း မော့ချလိုက်ပြီး ပါးစပ်ကို လက်ဖမိုးနှင့် ပွတ်သပ်ရင်း ကျန်ဖန်ခွက်ကို မောင်မြတ်ကျော်ဆီသို့ ထိုးပေးကာ...

"အချမ်းပြေ ဒါလေး ချလိုက်။ ပြီးတော့ ထမင်းဆာရင် မီးဖိုထဲ ရှာဖွေစားပေရော့။ ငါတော့ အိပ်ရာထဲ ဝင်ခွေတော့မယ် မတတ်နိုင်ဘူးကွ။ ခြေထောက်တွေလည်း ရေခဲတုံးကျနေပြီ။ ငါလခွီးတဲ့။ ဟို... ဂန်းမသားကြီး လည်း လာမယ်ဆိုပြီး ပါမလာဘူး"

"အဲဒီ ဂန်းမသားကြီး မလာတာထားပြီးတော့ ကျွန်တော့်ကို ဒီခေါ်တဲ့ကိစ္စ ပြောပါဦး ဦးရီးရဲ့"

"အား... မနက်မှ ပြောမယ်ကွာ။ ငါ ချမ်းလှပြီဆိုမှပဲ။ မင်းခေါ် ရတာက အခုလာမယ်ဆိုတဲ့ ဧည့်သည်တွေနဲ့ ဆိုင်တယ်ကွ။ မင်း အိပ်ရင်

mgyoe.com

mgyoe.com


အဲဒီ လက်ဆွဲမီးအိမ် ယူသွား။ တံခါးမကြီးလည်း ဂလန့်ချလိုက်ပေတော့။ ပြီးရင် သံကြိုးလည်း ချည်ဖို့ မမေ့နဲ့ဦး"

မောင်မြတ်ကျော်သည် ဦးခွန်ပိုင် ကုတ်အင်္ကျီစကို ဆွဲထားပြီး...

"အံမာ... ဒီပုံနဲ့ ဘာရမလဲ ဦးရီးရာ။ ကျွန်တော်က ကိုယ့်အလုပ် လက်စ တန်းလန်းတွေပစ်ပြီး ဒီတောကြီး၊ တောင်ကြီးထဲ ချမ်းချမ်းစီးစီး လာရတာ။ ဦးရီးကိစ္စကို ကျွန်တော် မသိရမချင်း အိပ်ပျော်နိုင်မှာ မဟုတ်ဘူး ဗျို့။ ဦးရီးလည်း မအိပ်ရဘူး။ ဘယ့်နှယ်ဗျာ၊ မှုန့်မှုန့်တတလုပ်မှပေါ့"

ဦးခွန်ပိုင်သည် စိတ်ပျက်ပျက်နှင့် သက်ပြင်းကြီးချလိုက်ပြီး ကုလားထိုင်တစ်လုံးကို ဆွဲထိုင်လိုက်ကာ...

"တယ်ခက်တဲ့ သူငယ်ကိုး။ ပြောဆို ဘယ်ကတောင် စပြောရမှန်း မသိဘူး"

"ဒီလိုဆို ကျွန်တော် မေးမယ်ဗျာ။ ဦးရီး ဖြေ။ ကဲ... ဟောဒါက စမေးမယ်ဗျာ"

ဆိုပြီး ဧည့်ခံရန် ကျကျနန ပြင်ဆင်ထားသော အရက်စားပွဲနှင့် ရဲရဲတောက်နေသော မီးလင်းဖိုကြီးကို ပြ၍...

"ဟောဒီလို ခမ်းခမ်းနားနား ပြင်ဆင်ပြီး ညအချိန်မတော် သန်းခေါင်ကျော်လောက်ကြီးမှာ အပျော်ကြီး ပျော်နေရမယ့် ဧည့်သည်တွေက ဘယ်သူတွေမို့လဲ"

ဦးခွန်ပိုင်က ဆေးတံကို မီးညှိဖွာလိုက်ပြီး...

"မင်း ငါ့ကို ဒီလိုတော့ မခနဲ့ပါနဲ့ကွာ။ ဧည့်သည်ဆိုတာ ဒီလောက်တော့ တာဝန်ရှိတာပေါ့။ မင်းကတော့ တူရင်းသားရင်းပဲ။ ဧည့်သည်လို ဧည့်ဝတ်ပြုနေရမလားကွ။ လာနေကျ သွားနေကျပဲဟာ။ ဒါပေမဲ့ မင်း အခု ရောက်လာတာ ဦးရီးတော် ဝမ်းသာပါတယ်ကွာ။ တို့တူဝရီး မတွေ့ရတာ ကြာပြီနော်"

"အို... ကျွန်တော်ကလည်း ကျွန်တော့်ကို အခမ်းအနားနဲ့ မကြိုဆိုရကောင်းလားလို့ ပြောနေတာ မဟုတ်ပါဘူး။ ဦးရီးတော်ကိုယ်တိုင်က ဆတ်ချိုနု အရက်လောက် ချနေရာက အခု မလုပ်စဘူး ပွဲကြလေဘယ်လှ်နှ့်

mgyoe.com

mgyoe.com


ဘာနဲ့တောင် ညေ့်ခံတဲ့ ညေ့်သည်တွေ အမျိုးအစားကို သိချင်လို့ပါ"

ဦးခွန်ပိုင် ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"သူတို့က ထားဝယ်ဘက်က မိုင်းသူဌေးတဲ့။ သူ့တူ ဖ–ဆ–ပ–လ ဝန်ကြီးတစ်ယောက်ကလည်းရှိတော့ သွင်းကုန်ထုတ်ကုန် လိုင်စင်ရ သူဌေးလို့လည်း ပြောတယ်ကွ။ ဘာပဲဖြစ်ဖြစ်လေ။ ကျိကျိတက် ချမ်းသာတာတော့ အမှန်ပဲ။ သူ့မှာက သမီးတစ်ယောက်တည်း ရှိတယ်။ မုဆိုးဖိုတဲ့။ မယားသေပြီးတဲ့နောက် အိမ်ထောင်ဘက် မရှာတော့ဘဲ ဒီသမီးကိုလည်း ငယ်ငယ်ကတည်းက ရန်ကုန်မှာ ကျောင်းအိပ်ကျောင်းစား ထားလာခဲ့တာ ခုတော့ သမက်ပါရပြီဆိုလားပဲ။ သမက်ကလည်း ကုန်သည်ပွဲစား လူချမ်းသာထဲကပဲတဲ့။ သမီးနဲ့ သမက်ကိုတော့ ငါ မမြင်ဖူးသေးပါဘူး။ အဲဒီ ဦးရွှေဒိုးကိုသာ"

မောင်မြတ်ကျော်က ဖြတ်၍...

"ဩော်... ထားဝယ်က မိုင်းသူဌေး ဦးရွှေဒိုးဆိုတာလား"

"ဟုတ်တယ်ကွ၊ မင်းနဲ့ သိလို့လား"

"အင်း... သိတယ် ဆိုပါတော့"

ဦးခွန်ပိုင်က ဝမ်းသာဟန်နှင့်...

"တစ်ယောက်နဲ့တစ်ယောက် ခင်ခင်မင်မင်ကော ရှိရဲ့လား"

"အာ... ရှိလိုက်ပုံတော့ မပြောနဲ့။ ကဲ... ဦးရီးစကား ဆက်ပါဦး"

"ခုန ငါ့စကား ဘယ်ရောက်ပါလိမ့်"

"အဲဒီ ဦးရွှေဒိုးကိုသာတဲ့ဗျာ"

"အေး... အဲဒီ ဦးရွှေဒိုးကိုသာ အရင်တစ်ခါက ဦးရီး ရန်ကုန်အလည်လာတုန်းက မင်းအမေပွဲရုံနဲ့ကပ်လျက် ထားဝယ်ပွဲရုံက လူတွေနဲ့ ပတ်သက်ပြီး သိကျွမ်းဖူးတယ်။ သူက သူ့သမီးလေးဟာ ကျောင်းမှာ ရှမ်းပြည်နယ်က ကျောင်းသူလေးတွေနဲ့ မိတ်ဆွေဖြစ်ပြီး သူတို့ဆီက ကြားရတဲ့ ရှမ်းပြည်နယ်မှာ အိမ်တစ်လုံးဝယ်ပေးဖို့လည်း ပူဆာနေတယ်။ အထူးသဖြင့် သူ့သမီး လိုချင်တာက ရှေးဟောင်းအိမ်ကြီးမျိုးပေါ့ကွာ။ သူ့သမီးက တက္ကသိုလ်မှာ မြန်မာစာအဓိကယူတော့ ရာဇဝင်နဲ့ ပတ်သက်တာတွေ သိပ်ပြီး

mgyoe.com

စိတ်ဝင်စားဆိုကိုး။ ဒါနဲ့ ငါလည်း ဒီလိုဆိုရင် တို့မဟာစံအိမ်တော်ကြီးနဲ့ သူ့အကြိုက်နဲ့ အံကိုက်ပဲလို့"

"ဦးရိုးက ဒီလိုပဲ သူ့ကို ပြောလိုက်သလား"

"ဟ... ဒီလိုတော့ ဘယ်ပြောမလဲကွာ။ အရှူးလား။ တို့နယ်ဟာ နွေရာသီမှာ အလွန်သာယာပြီး ဂျီတို့၊ သမင်တို့၊ တောဝက်တို့ အင်မတန် ပေါတဲ့အကြောင်း တောတက်ပြီး အမဲပစ်ဖို့ ကောင်းတဲ့အကြောင်း..."

"နို့... အဲဒီလူကြီးက အမဲလိုက်တတ်ပုံကော ပေါ်ရဲ့လား"

"ငါလခွီး... သူ့ပုံသဏ္ဌာန် ကြည့်ရတာဖြင့် ခရုတောင် ကုန်းကောက်နိုင်ပုံ မပေါ်ဘူး။ ဒါပေမဲ့ သူ ဒီကို အလည်အပတ်လာရင် တို့ ရှမ်းပြည်နယ်ရဲ့ တောတောင်သဘာဝအလှ သဘောကျပြီး အကြိုက်တွေ့တန်ကောင်းရဲ့။ ဒီတော့ ငါ မဟာစံအိမ်တော်ကြီးကို ရောင်းဖို့ တဖြည်းဖြည်းဆွယ်ရမှာ ပေါ့ကွာ။ ငါက အဲဒီစိတ်ကူးနဲ့ သူ့ကို လာလည်ဖို့ ဖိတ်ခဲ့ပြီး မေ့မေ့ပျောက်ပျောက်နေခဲ့တာ။ ဟော... ငါ့စံအိမ်တော်ကြီး ရောင်းဖြစ်ချင်လို့ ထင်ပါရဲ့။ သူက မမေ့ဘူးကွ။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကပဲ သူရယ်၊ သမီး၊ သမက်ရယ် သုံးယောက် လာလည်ချင်တဲ့အကြောင်း စာရေးလိုက်လို့ ငါက ချက်ချင်း စာပြန်လိုက်တယ်။ မင်းဆီ ရေးလိုက်တဲ့စာနဲ့ တစ်နေ့တည်းပဲ ထင်ပါရဲ့။ သူတို့ကိုသာ ငါ့စံအိမ်တော်ကြီး ရောင်းရရင်ဖြင့် ဈေးကောင်းရလိမ့်မယ် မင်း မထင်ဘူးလား"

"မထင်ပေါင်ဗျာ"

"ဘာလို့လဲကွ"

"သူ့သမီးက ဒီလို တောခေါင်ခေါင် ကျောက်တောင်၊ ကျောက်ဆောင်တွေနဲ့ အိမ်ကြီးကို သဘောကျမလားဗျ။ ဈေးနားဝယ်ရအောင်က လည်း အနီးဆုံးမြို့က သုံးလေးနာရီခရီး။ ဒီတော့ သူတို့ ဝယ်မယ့်ဝယ်ရင် တောင်ကြီးတို့၊ ကလောတို့က အိမ်တွေ ဝယ်မှာပေါ့ဗျ"

"ဒါတွေလည်း ငါ စဉ်းစားမိသားပေါ့။ ဒါကြောင့် သူ့သမီး စိတ်ဝင်စားစရာဖြစ်မယ့် ရာဇဝင်ကြောင်းတွေ၊ ဘာတွေပြောပြဖို့ ငါ စိတ်ကူးထားတယ်"

mgyoe.com

mgyoe.com

"အောင်မာ... ဦးရီးက ဘာတွေများ စိတ်ကူးထားလဲ"

"မင်းအသိသားပဲကွ။ ဟိုရှေးခေတ်အဆက်ဆက်က ဒီကျောက်ဆောင် ကျောက်တောင်အိမ်ကြီးကို ဆောက်ခဲ့ရတဲ့အကြောင်း၊ နို့ပြီး အခု ငါတို့ မဟာစံအိမ်တော်ကြီးကလည်း ဘယ်လောက် ခံ့ညားပြီး ဘယ်လောက် ကျက်သရေ ရှိနေသလဲကွာ"

"ကျက်သရေ ရှိ မရှိတော့ မပြောနိုင်ဘူး။ လူသောက်သုံးဖို့ ရေဘုံဘိုင် မရှိတာတော့ အမှန်ပဲဗျ"

"ဟ... ရေဘုံဘိုင် မရှိကော ဘုံဘိုင်ထက်ကောင်းတဲ့ ပမ်းရေအိုင်က ရှိနေတာပဲ။ ရှေးဟောင်း ရာဇဝင်ကို ကြည့်မယ်ဆိုရင် ဒီလို ခေတ်ဆန်တဲ့ ရေဘုံဘိုင်တွေ၊ လျှပ်စစ်မီးတွေ မရှိလေ ကောင်းလေမဟုတ်လား။ နို့ပြီး ငါ့အိမ်တော်မှာ မျှော်စင်ကြီးနဲ့"

"အောင်မယ်... ဘယ်မှာလဲ မျှော်စင်။ ဦးရီးတော် အိမ်အပေါ် ဆုံးက အထပ်ခိုးကလေးများ"

ဦးခွန်ပိုင် ရယ်မောလိုက်ပြီး...

"ဟ... ဒီလိုပဲ ကိုယ့်ပစ္စည်းကိုယ် အမွှမ်းတင်ပြီး ပြောရတာပေါ့ကွ"

"ဒါဖြင့် ဦးရီးဟာ ကိုယ့်ပစ္စည်းစွံအောင် မဟုတ်မဟတ်တွေ ပြောရောင်းနေတာနဲ့ မတူဘူးလား။ နို့ပြီး... ဦးရီးစံအိမ်တော်ကြီးက မိုးတွင်း ဆို ကျောက်တုံးကျောက်ပြားတွေက ရေယိုတာနဲ့။ ဆောင်းတွင်းဆို ချမ်းလွန်းလွန်းလို့၊ တစ်နေ့ ထင်းတစ်တန်လောက် မီးဖိုထားမှ လူနေနိုင်တာတို့ ဒါတွေ ထည့်တွက်ဦးမှပေါ့"

"ငါ သိပါတယ်။ ဒါပေမဲ့ သူငါ့က နွေရာသီလောက်သာ နေမှာဆို တော့ ဒါတွေ ထည့်တွက်စရာ ဘာလိုသလဲကွ။ ငါ့လခွီးတဲ့၊ မင်းနဲ့ တိုင်ပင်ရ တာလည်း ငါ့အတွက် အကူအညီ မရတဲ့အပြင် အဖျက်စကားချည်းပါလား ဟ။ ငါ မင်းကို ဒီခေါ်ရတာက မင်းက ရှေ့နေဆိုတော့ ပြောရေးဆိုတာ လည်လည်ဝယ်ဝယ် ရှိတယ်။ ငါ့အတွက် ဆောင်ရွက်ပေးလိမ့်မယ်လို့ ဦးရီးတစ်ယောက်အနေနဲ့ ကိုယ့်တူလေးကို အားကိုးပြီး ခေါ်ရတာကွ။ ငါ့မှာ အခုချိန် ဝင်ငွေမကောင်းဘူး။ ထွက်ငွေက များနေတယ်။ မင်းနှမ သန္တာနဲ့

mgyoe.com

mgyoe.com

မင်းညီလေး နန္ဒတို့ရဲ့ ကျောင်းစရိတ်ကလည်း မနည်းဘူးကွ။ သူတို့ကို ကျောင်းအိပ်ကျောင်းစားထားရတာ။ ဒီအတိုင်းဆို ငါ့မှာရှိတဲ့ ပစ္စည်းလေးတွေဟာ ရေရှည်မခံနိုင်ဘူး။ ဒါကြောင့် ဒီအိမ်ကြီးကို ရောင်းပစ်ဖို့ စိတ်ကူးရတာ"

"ဟာ... ဒီလိုဆိုတော့ သန္တာတို့၊ နန္ဒတို့ မောင်နှမတွေ အိမ်မဲ့ရာမဲ့ဖြစ်မကုန်ဘူးလား"

"မဖြစ်ပါဘူး။ ဒီစံအိမ်ကြီးကို ထိုက်ထိုက်တန်တန်နဲ့ ဈေးကောင်းရလိုက်ရင် တောင်ကြီးမြို့ပေါ်မှာ သင့်လျော်တဲ့ အိမ်တစ်လုံးဝယ်ရမယ်။ ဒီတော့ သူတို့မောင်နှမတွေ အိမ်ကနေ ကျောင်းတက်ရတော့ စရိတ်လည်း သက်သာမယ်။ ငါကတော့ တောင်ကြီးနဲ့ ရန်ကုန် မင်းအမေလည်းရှိတော့ သင့်တော်တဲ့ ကုန်ကူးသန်းနေတော့မယ်လို့ စိတ်ကူးတယ်။ အဲဒီအကြံနဲ့ ဦးရွှေဒိုးတို့ကို မျှော်နေတာကွ။ အင်း... ဒီနေ့ မရောက်လည်း နက်ဖြန် ရောက်ပါစေ ဆုတောင်းရတာပဲလေ။ ကဲ... အိပ်တော့မယ်ကွာ"

* * *

စောသန္တာ

ထို့နောက် မကြာမီ မောင်မြတ်ကျော်လည်း သူ့အိပ်ခန်းထဲ ရောက်ခဲ့၍ အိပ်ရာထဲဝင်တော့မည် ပြင်ဆင်နေစဉ် သူ့အခန်းတံခါး ပွင့်လာပြီး ချစ်စဖွယ် နုနယ်လှပသော မိန်းကလေးတစ်ယောက် ခြေသံဖွဖွလေးနှင့် ပြေးဝင်လာကာ သူ့လည်ပင်းကို ပြေးဖက်လိုက်လေ၏။

မောင်မြတ်ကျော်သည် မတွေ့ရတာ ကြာပြီဖြစ်သော သူ့ညီမလေး ၏ အလှကျက်သရေ ပြည့်ဖြိုးဝေသော မျက်နှာကလေးကို ကြည့်၍ မေးစေ့ ကလေးကို လက်ညှိုးနှင့်ပင့်ကာ...

"ငါ့ညီမလေး တယ်လှပါလားဟေ့။ အဖိုးတန် ရတနာဟာ မြေအောက်မှာ ရှိတယ်။ မွှေးကြိုင်တဲ့ စန္ဒကူးနံ့သာဟာ တောထဲမှာရှိတယ် ဆိုတဲ့ အတိုင်းပဲဟေ့"

စောသန္တာသည် သူ့အစ်ကိုထံမှ ခွာလိုက်ပြီး...

mgyoe.com

mgyoe.com


"ကိုကိုကျော် မြေ့ဒြာက်လုံးတွေကို အသာထားလိုက်ပါဦး။ ကိုကိုကျော့်အသံ ကြားကတည်းက ပြေးလာလိုက်ချင်တာ။ ဟို... ဘဘ ဆူနေမှာစိုးလို့သာ။ ဒါနဲ့ ကိုကိုကျော် အခု သူ ဘာတွေ လုပ်မယ်ဆိုတာ ကိုကိုကျော် သိလို့လား"

"ဘာလုပ်မလို့တဲ့လဲ"

"ဒီ မဟာစံအိမ်တော်ကြီးကို ရောင်းမလို့တဲ့။ သက်သက် သန္တာတို့ မောင်နှမ သောင်ပြင်မှာလွှတ်တဲ့ခွေးလို ဖြစ်အောင်ကြံနေတာ။ သူ့ဖို့ပဲ သိတယ်။ သူကတော့ ရတဲ့ငွေနဲ့ မြို့ပေါ်တက် သုံးစားနေမယ်ပေါ့လေ။ သန္တာတို့ မောင်နှမမှာသာ မိဘဘိုးဘွား အမွေအနှစ် မရှိတော့ဘဲ အိမ်မဲ့ရာမဲ့နဲ့"

"အိမ်မမဲ့ ရာမမဲ့မီ လူက မဲ့မနေပါနဲ့ဦးကွာ။ ဒီအိမ်ကြီးကို ဝယ်မယ့်သူ မမြင်သေးပါဘူး"

"ကိုကိုကျော်ကသာ မမြင်တာ သူကတော့ ပင့်ထားပြီးပြီ။ ထားဝယ်က မိုင်းသူဌေးဆိုလားပဲ။ သူ့သမီးနဲ့ သူ့သမက်နဲ့အတူ လာကြမှာတဲ့။ သူတို့က ဒီစံအိမ်တော်တွေ့ရင် ချက်ချင်း သဘောကျပြီး ဝယ်ကြမလားပဲ"

"ဦးရီး သဘောကတော့ ဒီလို မထင်ဘူးကွယ့်။ ဟိုက မဝယ်ချင် ဝယ်ချင်အောင် ကြိုးစားရဦးမယ်။ ဒါကြောင့် ကိုကိုကျော့်ကို သူ့အတွက် ကူညီပေးရအောင် စာရေးခေါ်တာ"

"အို... ဘဘကလည်း ကိုကိုကျော့်ဆီ စာရေးခေါ်တယ်"

"အေး... အခုလိုဆိုရင် ငါက နင်တို့သားအဖ နှစ်ယောက်ကြား ထဲမှာ ဆူးကြားထဲက ဘူးသီးလို ဖြစ်နေပြီ။ ဖအေက အိမ်ကိုရောင်းမယ်။ သမီးက မရောင်းချင်ဘူး"

"နို့... ဘဘက ဒီအိမ်ကို ဘာကြောင့် ရောင်းချင်သလဲဆိုတာကော ကိုကိုကျော့်ကို ပြောမပြဘူးလား"

မောင်မြတ်ကျော်က အခုန ဦးခွန်ပိုင့် စကားအတိုင်း ပြောပြတော့ "အောင်မလေး... အဲဒါ သူ သက်သက်ညာတာ။ နောက်ထပ် မိန်းမလိုချင်လို့ လီဆယ်ပြောတာ။ ဘယ့်နှယ်တော်၊ ဒီအသက်အရွယ်ကြီးကျမှ ဘုရားနဲ့ တရားနဲ့ အေးအေးဆေးဆေး နေရောပေါ့။ တကယ်ဆိုရင် သူက လူကြီးပိပိ

mgyoe.com

mgyoe.com


ကိုယ့်ဆွေစဉ်မျိုးဆက်ရဲ့ အမွေအနှစ်ကို ထိန်းသိမ်းဖို့တောင် ကိုယ့်သားသမီးကို ပြောရဦးမယ် မဟုတ်လား"

"နို့... ဦးရီး ပြောတဲ့အတိုင်း ဒီအိမ်ရောင်းပြီး တောင်ကြီးမှာ အိမ်တစ်လုံးဝယ်ပြီး မင်းတို့တစ်တွေ မြို့ပေါ်မှာ ကျကျနန နေရတော့ကော။ ဒီတောထဲမှာ အိမ်ကြီးထီးထီး နေရတာထက် မကောင်းဘူးလား"

"မကောင်းပေါင်။ သန္တာ မြို့မှာ နေဖူးသားပဲ။ ကိုယ့်ဇာတိဌာနေနေရတာလောက် မကြိုက်ပေါင်"

မောင်မြတ်ကျော်သည် မိန်းကလေးကို စေ့စေ့ကြည့်၍ ခေတ္တစဉ်းစားလိုက်ပြီး...

"သန္တာက ဒီအရပ်ဒေသက မခွာနိုင်ဘူး ထင်ပါရဲ့။ ဒီအိမ်ကြီးကို ရောင်းဖို့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူးပေါ့"

"တူနိုင်ပေါင်၊ သန္တာ သဘောမတူဘဲနဲ့ ရောင်းရင် ဘဘကိုလည်း ဖအေအဖြစ်က ပြတ်စဲလိုက်မယ်။ ဒီအိမ်ရောင်းဖြစ်ဖို့ ကိုကိုကျော်က ကူညီရင်လည်း ကိုကိုကျော့်ကို သန္တာ အနှစ်တစ်ရာ စကားမပြောဘဲ နေလိုက်မယ် သိလား"

"အောင်မယ်... အနှစ်တစ်ရာကြီးများတောင် ခင်ဗျားက ကျုပ်ကို စကားမပြောဘဲ နေဖို့ဆိုတော့ ကျုပ်က အသက် ၁၃၀ ကျော်တောင် နေရတော့မှာပါလား။ ဒုက္ခပါပဲ၊ အဲဒီလောက် အသက်ရှည်ရှည်ကြီးများတော့ မနေပါရစေနဲ့။ လူအိုရွတ်တွကြီး ဖြစ်နေရော့မယ်"

"လုပ်ပြီ၊ ကိုကိုကျော်ကဖြင့် အကောင်းစကားပြောရင်း ဖောက်လာပြီ"

"သြော်... ငါက အကောင်းပြောတာပါပဲ။ ဒီတော့ မင်းတို့အဖေဘက်ကလည်း ကြည့်ဦးလေ။ အခုအချိန်မှာ ဦးရီးရဲ့ ဝင်ငွေ၊ ထွက်ငွေကလည်း သူပြောတာ ဟုတ်တယ်ကွယ့်"

"မဟုတ်ဘူးလို့ သန္တာ မငြင်းပါဘူး။ ဒါကြောင့် အခြေအနေကောင်းလာအောင် ဒီအတွင်း သန္တာတို့ ကြံပါဦးမယ်ဆိုတော့ ဘဘကဘာပြန်ပြောလဲ သိလား။ သန္တာ့ခေါင်းကို လက်နဲ့ပုတ်ပြီး သမီးငယ်ပါ

mgyoe.com

သေးတယ်။ သွားကစားနေချည် သွား... သွားတဲ့။ အို... သန္တာကို ဒီလို သူငယ်နှပ်စား ထင်တာမျိုးလောက် ဒေါသထွက်တာ မရှိဘူး။ သူ့ခြေသလုံး ကို ဆွဲဆွဲကိုက်ပစ်လိုက်ချင်တယ်"

မောင်မြတ်ကျော်သည် ညီမငယ် စိတ်ဆိုးပုံကိုကြည့်၍ အားရ ပါးရ ရယ်လိုက်ပြီး...

"သြော်... ဒါကတော့ ညီမလေးရယ်။ မိဘဆိုတာ ဒီလိုချည်းပေါ့။ ကိုယ့်သားသမီးကို ကြီးတယ်လို့ ဘယ်ထင်မလဲ။ နို့... ညီမလေးရဲ့ အကြံ အစည်ကကော ဘာများတုန်း။ ကိုကို့ကို ပြောပြစမ်းပါဦး"

"ဒါ ကိုကိုကျော်က သန္တာ့ကို သရော်တာလား"

"အောင်မယ်... မသရော်ဝံ့ပါဘူးဗျာ။ အကောင်း မေးတာပါ"

"ကိုကိုကျော့် မျက်လုံးကြည့်ပုံကိုက သန္တာ သိပါတယ်လေ"

"ကဲ... ဒါဖြင့် မကြည့်ဘူး။ ပိတ်ထားမယ် ပြော"

မြတ်ကျော်က ပြောပြောဆိုဆို သူ့မျက်လုံးများကို လက်ဝါးနှင့် ပိတ်ထားလိုက်ရာ သန္တာက သူ့လက်များကို အတင်းဆွဲဖယ်ရင်း...

"ဒီလို ကိုကိုကျော်ရဲ့။ သန္တာတို့ မျိုးရိုးစဉ်ဆက်မှာ ရာဇဝင်နဲ့ ချီပြီးရှိခဲ့တဲ့ ရတနာသိုက် သန္တာတို့ ရအောင်ရှာကြမယ်။ အဲဒါတွေသာ ရရင် ရှမ်းပြည်နယ် လေးပုံတစ်ပုံ ဝယ်နိုင်တယ်လို့ ပြောခဲ့ကြတယ် မဟုတ်လား"

မောင်မြတ်ကျော်သည် ရယ်မောလိုက်ကာ...

"အောင်မယ်လေး... ဘယ်လို အကြံဉာဏ်များလဲ အောက်မေ့ပါ တယ်။ လက်စသတ်တော့ ဒါကိုး"

"နို့... ဒါ မဟုတ်ဘူးလား"

"မဟုတ်နိုင်ဘူး ငါ့ညီမရဲ့။ ဒါဟာ တို့မျိုးရိုးရဲ့ ဂုဏ်သိက္ခာ တင်ဖို့ ကြွားဝါတဲ့ စကားသာ ဖြစ်ပေလိမ့်မယ်။ ငါလည်း ငယ်စဉ်ကတော့ ယုံခဲ့မိ တာပဲ။ အခု ပြန်စဉ်းစားကြည့်လိုက်တော့ ကြည့်စမ်း။ တို့မျိုးရိုးပိုင်တဲ့နယ်ပယ် ဟာ ဘယ်တုန်းကများ ပစ္စည်းဥစ္စာ ကောင်းကောင်းမွန်မွန် ထွက်ခဲ့ဖူးလို့လဲ။ ရှမ်းဖက်နဲ့၊ လက်ဖက်ခြောက်နဲ့၊ အာလူးနဲ့၊ မုန့်ညှင်းမုန်လာ၊ ဂေါ်ဖီထုပ်ပဲဟာ

mgyoe.com

mgyoe.com

ကို။ ဒီအထဲက အကောက်အခွန်ရော ဘယ်လောက်များရသလဲ။ ဒီပြင် စော်ဘွားတွေ နယ်ပယ်မှာလို ဘိန်းခင်းတွေရှိတာမဟုတ်။ လောင်းကစားပွဲတွေ၊ ဘုရားပွဲတွေလည်း တသောသောကျင်းပနေရတာမှ မဟုတ်။ တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်ခဲ့ကြတာ ဟိုဘက်ခွန်နိုင်မျိုးမှာ အဘွားကြီး စောနွန်နဲ့ မြေး စိုင်းသီဟပဲ ကျန်တော့တယ်။ ဒီဘက်က ခွန်ပိုင်မျိုးဆိုလည်း နင်တို့သားအဖသုံးယောက်၊ အေးလေ... ငါနဲ့ မယ်မယ်ပါပေါ့။ ဒါပေမဲ့ ငါတော့ ဒီကျောင်းတော်က ရန်စကြီးကို ငြိုးငွေ့စိတ်ကုန်ပြီ။ ဇာတိမာန် မရှိဘူးပဲ ပြောပြော ညီမတို့ လက်ထက်ရောက်ရင်တော့ ဒီအမုန်းဇာတ် အဆုံးသတ်ပါစေလို့ ကိုကိုကျော် ဆန္ဒပြုပါတယ်ကွာ"

မောင်မြတ်ကျော်က ဤသို့ပြောပြီး သန္တာ့ကို စူးစိုက်ကြည့်လိုက်ရာ သန္တာ့မျက်နှာ ရှက်သွေးကလေး ဖြာသွားပြီးမှ ဣန္ဒြေဆည်လိုက်ကာ...

"သန္တာစိတ်ထဲမှာတော့ ဒီရတနာသိုက်ဟာ ရှိကိုရှိရမယ်။ ဒီ အိမ်ကြီး၊ ဝင်းကြီးထဲ တစ်နေရာရာမှာပဲ။ ကိုကိုကျော်ကသာ ဒီစံအိမ်တော်ကြီး မရောင်းဖြစ်အောင် ဖျက်ပေးပါ။ ဟို ထားဝယ်ကြီးမလာရင် ကောင်းမှာပါလေ"

"လာမယ်... လာမယ်။ ဒါတော့ စိတ်ချ။ နက်ဖြန်မနက် အစောကြီး ရောက်လာလိမ့်မယ် ထင်တယ်"

"ကိုကိုကျော် ဘယ့်နှယ်လုပ်သိလဲ"

"အကြားအမြင် ပေါက်တယ်ပဲ ထားပါတော့"

"ဒါဖြင့် သူတို့မလာနိုင်အောင် မလုပ်နိုင်ဘူးလား"

"အိမ်ဝက ဆီးရိုက်မှပဲ။ ကဲကွာ... ညဉ့်နက်လှပြီ။ ငါ အိပ်ချင်လှပြီ"

■

mgyoe.com

mgyoe.com

# [ ၃ ]

မောင်မြတ်ကျော် အိပ်ရာထဲရောက်ချိန်တွင် အရှေ့တစ်ခွင်၌ ရောင်နီပင် သန်းစပြုပြီ။ သူသည် ဂွမ်းစောင်ကြီးကိုတင်းနေအောင် ခြုံလိုက်ပြီး အေးစက်နေသော ခြေဖျားများကို ထွေးစေ၍ မှေးခနဲ ပျော်မည်ကြံကာ ရှိသေး။ အိမ်ရှေ့မှ မော်တော်ကားဟွန်းသံ တပွမ်ပွမ် ကြားရသဖြင့် ခေါင်းမြီးခြုံကို အသာလှပ်၍ နားစွင့်လိုက်သည်၌ ကပ်ရပ်အခန်းမှ ဦးခွန်ပိုင်၏ တောက်တီးမြည်တွန်ရင်း အိပ်ရာမှထသံ၊ တံခါးကို ဆောင့်ဖွင့်ပြီး လှေကားသို့ သုတ်သုတ်ဆင်းသွားသံ၊ အိမ်ရှေ့တံခါးမကြီး ဂလန့်ဖြုတ်သံနှင့် သံကြိုးဖြေသံတို့၏ နောက်ဝယ်...

"ဩော်... ရောက်တော်မူကြမှကိုး။ ယခုလို ကြွရောက်လာတာ ကျွန်တော် အားကြီး ဝမ်းသာပါတယ်ခင်ဗျာ"

ဟူသော ရှမ်းသံဝဲဝဲနှင့် ညှော့ဝတ်ဂါဝရပြုသော အသံကို ကြားသောအခါ မောင်မြတ်ကျော်သည် (မိတ်ဆွေကြီးတော့ ရောက်လာမှကိုး) ဟု ပြုံးမိကာ စောင်ကို ပြန်ခြုံပြီး အိပ်စက်လိုက်လေ၏။

ဦးခွန်ပိုင်၏ ညှော့သည်များက ချမ်းခိုက်ခိုက်တုန်ကြလျက် ပါးစပ်မှ အငွေ့ထောင်းထောင်းထွက်ကာ နှာခေါင်းက တရှုံ့ရှုံ့မြည်နေကြ၏။ ဦးရွှေဒိုးက စံအိမ်တော်ပတ်ပတ်လည်ကို ကြည့်ရင်း...

mgyoe.com

m gyoe.com

"ညဦးကတည်းက ရောက်ဖို့ပဲဗျ။ ရထားပေါ်မှာ ရှုးတူးတူး ပေါ်တောတော အကောင်တစ်ကောင်နဲ့ တွေ့တာနဲ့"

"သြော်... ညရထားနဲ့ပဲ ပါလာခဲ့တာလား။ နို့... ဘယ်လိုဖြစ်လို့ ကလောဘူတာမှာ မဆင်းကြ..."

ဤအမေးကို ဦးရွှေဒိုးနံဘေးမှ ခေါင်းစည်းအပြာနှင့် မိန်းကလေးက ဝင်၍ဖြေသည်။

"ဒီလိုပါရှင့်၊ ဖေဖေ့တွဲကို သာစည်က လူတစ်ယောက်တက်လာတော့ နေရာကိစ္စ စကားများကြပါသတဲ့။ ဒါပေမဲ့ အဲဒီလူက ဆင်းမသွားဘဲ ပါလာပြီး ဖေဖေ့အပေါ်မှာ စိတ်မကျေနပ်လို့ ထင်ပါရဲ့။ ဒီလူက ဖေဖေ အိပ်ပျော်နေတုန်းမှာ ဖေဖေ့ခြေကျင်းဝတ် နှစ်ဖက်ကို ကြိုးနဲ့ ပူးတုပ်ပြီး တစ်ဖက်ကြိုးစကိုလည်း ထိုင်ခုံခြေထောက်နဲ့ ကျကျနန ချည်နှောင်ပစ်ခဲ့ပါတယ်။ ကျွန်မတို့ကလည်း ဖေဖေတစ်ယောက်တည်း ကောင်းကောင်း အိပ်ပါစေလေဆိုပြီး တခြားတွဲမှာ စီးခဲ့ကြတာကိုး။ ကလောဘူတာရောက်လို့ ဖေဖေဆီ သွားကြတော့ ဖေဖေ့မှာ အိပ်ရာက မထနိုင်ဘူး။ ကျွန်မတို့လည်း ခြေထောက်က ကြိုးတွေကိုဖြေတာ ခိုင်ခိုင်မြဲမြဲကြီး လုပ်ထားခဲ့တော့ တော်တော်နှင့် ဖြေမရဘူး။ ဒါနဲ့ ရထားထွက်တော့ ရွှေဘူတာပါသွားရော။ အဲဒီဘူတာကမှ အခု ကားငှားပြီး လာခဲ့ရတာပေါ့ရှင့်"

ဦးခွန်ပိုင်က စုတ်သတ်လျက်...

"သြော်... ဖြစ်မှဖြစ်ရလေ။ ဘယ်လို လူစားနဲ့များ တွေ့ရပါလိမ့်"

ဦးရွှေဒိုးက...

"ခုနှယ်များ ဒီကောင်တွေ့ရရင် အမဲဖျက်သလို အရိုးတခြား အသားတခြား နွာပစ်လိုက်ချင်တယ်"

ဤတွင် သူ့နံဘေးက ကျွဲကော်ကိုင်း မျက်မှန်ထူထူနှင့် လူရွယ်က...

"အို... အန်ကယ်ရယ်။ လူကို ကြိုးနဲ့တုပ်ရုံ တုပ်သွားတာ တော်သေးတာပေါ့။ ရိုက်နှက်မသွားတာပဲ ကျေးဇူးတင်ရဦးမယ်"

"သြော်... ကျေးဇူးတင်ရင် မင်းပဲ အဲဒီကောင်တွေ့အောင် ရှာပြီး ကန်တော့ချေကွာ"

mgyoe.com

ဦးရွှေဒိုးက ထိုလူအား ဘုပြောသည့်ကို စကားပြတ်စိမ့်သောငှာ ဦးခွန်ပိုင်က...

"ကဲ... အပြင်မှာ အေးလှပါတယ်။ အထဲကျမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့။ ဝင်ကြပါ။ ဝင်ကြပါ။ ဟေ့... အိုက်ပန်းရေ... ဧည့်သည်တွေရဲ့ ပစ္စည်းတွေအားလုံး ယူချပြီး နေသားတကျ လုပ်လိုက်ဟေ့"

* * *

စိုင်းနန္ဒ

မိမိ အိပ်ရာစွန်းတွင် တစ်စုံတစ်ယောက် ဝင်ထိုင်လိုက်သဖြင့် ငြိမ့်ခနဲဖြစ်သွား၍ မြတ်ကျော် မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ နေမှာ အတော်မြင့်နေပြီ ဖြစ်၏။ အိပ်ရာဘေးတွင်ကား နယ်စား၏သားတော်ကလေး စိုင်းနန္ဒကို မျက်စိပိတ်လုခမန်း ပြုံးလျက်သား တွေ့ရလေရာ မောင်မြတ်ကျော်က မျက်လုံးများ ပြန်မှိတ်လိုက်ပြီး လက်ဖြင့် မောင်းနှင်ဟန်ပြုရင်း...

"နန္ဒ သွားစမ်း။ ကိုကို အိပ်ဦးမယ်"

စိုင်းနန္ဒက မောင်မြတ်ကျော်၏ ဂွမ်းပုံကို အတင်းဆွဲလှမ်းရင်း...

"အံမာ... ဘယ်အချိန်ရှိပြီလဲ။ ဧည့်သည်တွေတောင် လျှောက်လည်ကုန်ကြပြီ။ ကိုကိုတို့ ရန်ကုန်သားတွေဟာ သိပ်အပျင်းထူတာ"

မောင်မြတ်ကျော်သည် ဤသူငယ်အား မနက်ခင်း ရှေးဦးဆုံး တွေ့မြင်ရသည့်မှာ ကံမကောင်း၍ဘဲ အောက်မေ့မိသည်။ နန္ဒသည် အသက် ၁၅ နှစ် ရှိသေးသော်လည်း အလွန်ဝပြီး ဝိုင်းသောမျက်နှာမှာ ကြီး၍ကား သော နားရွက်နှစ်ခုကြောင့် သူ့ကိုယ်နှင့် ဦးခေါင်းမှာ ကျောက်ဖရုံသီးပေါ်ကို လက်ဖက်ရည်ပန်းကန်တင်ထားသည်နှင့် တူပေတော့သည်။

မျက်လုံးနှစ်ခုမှာ အလွန်နီးကပ်၍ လူပျိုပေါက်ကလေးမို့ ဝက်ခြံတွေ ထူပျစ်ကာ သူ့မျက်နှာမှာ အာလူးသီးဖော်ပြီးစ မြေပြင်နှယ်တည်း။

နန္ဒက မောင်မြတ်ကျော် လက်တစ်ဖက်ကို ဆွဲထူရင်း...

"မနက်စာ မငတ်ချင်ရင် ထ ဆရာကြီး"

"ဘာကြောင့်လဲကွ"

mgyoe.com

"အဘွားကြီး အိန့်က သူကျွေးတဲ့အချိန် စားရင်စား၊ မစားရင် သူ့တာဝန်မဟုတ်။ သူ တစ်ချိန်လုံး စောင့်ကျွေးမနေနိုင်ဘူးတဲ့"

"သြော်... သူက ငါ့ကို ဒီလိုပဲ ပြောခိုင်းသလား"

"အစ်ကို့ကိုရယ်တော့ မဟုတ်ပါဘူးလေ။ ဒါ လူတိုင်းကို သူပြောနေကျ စကားပဲ"

"ဒါဖြင့် မင်းတို့အိမ်က တယ်ပြီး ဧည့်ဝတ်ကျေပါကလား။ သိပ် စေတနာတုံးတဲ့ လူတွေပဲ။ ဒီအဘွားကြီး မီးယပ်ရောဂါနဲ့ အိပ်ရာထဲ မြန်မြန် လဲပါစေဗျာ"

"အမယ်လေး... အစ်ကို ဆုတောင်းတာက နောက်ကျနေပြီ။ ခုပဲ တော်ကြာ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ တစ်လမှာ ရက်ပေါင်း ၃၀ လောက် က ဖျားချင်နေတာဗျ။ ဘဘက နေရာတကာ စေ့စပ်ကွပ်ညှပ်လွန်းအားကြီး တာနဲ့ ရွာထဲကဆို သူကလွဲရင် ဘယ်သူမှ ဒီအိမ်လာနေချင်တဲ့သူ မရှိတော့ သူ့ကို ဘေးမဲ့ထားသလို နေရတာဗျ"

"ငါ သိပါတယ်။ ဒီအိမ်မှာ သူနေလာတာကလည်း တို့တစ်သက် ပဲ မဟုတ်လား။ မင်းအမေနဲ့ဆို အပျိုဖော် ကျောင်းနေဘက်၊ သိပ်ချစ်ကြတာ။ ကဲ... ဒါ အသာထားလိုက်။ ငါ မျက်နှာသစ်ဖို့ ရေနွေး တစ်ဇလုံလောက် ယူခဲ့စမ်းကွာ"

"ဟာ... ရေနွေးဆို တစ်စက်မှတောင် မရှိတော့ဘူး။ ဟို ဧည့်သည် ထားဝယ် သားအဖတွေ သုံးကြတာ။ ဧည့်သည် မမကဆို အစောကြီး ရေနွေးနဲ့ ရေချိုးတယ်ဗျ။ ဒါနဲ့ အဲဒီမမက တယ်လှတာပဲဗျာ"

နန္ဒက မိန်းမဆိုလျှင် သူ့အစ်မကလွဲပြီး ဘယ်သူ့မှ မချီးမွမ်း စဖူး ချီးမွမ်းလိုက်ရာ မောင်မြတ်ကျော်က...

"သူလှတာ သူ့လင်အဖို့ပဲကွာ။ ငါနဲ့ မဆိုင်ပါဘူး။ ငါ့အဖို့ ရေနွေး မရတာက အရေးကြီးပါတယ်။ ရေအေးနဲ့ မျက်နှာသစ်ရမှာ လန့်တယ်။ ငါ့လခွီးတဲ့။ ငါ့ဟာငါ ရန်ကုန်နေတာ ထွေးထွေးနွေးနွေး ဓိမ်နဲ့ အခု ဒီရောက်မှ စိတ်ပျက်စရာ"

"အောင်မာ... ဒါတောင် ဧည့်သည်အစ်ကိုဆိုတဲ့ သီချင်းသံ မကြား

mgyoe.com

mgyoe.com


ရသေးလို့ ခုန ရေချိုးခန်းထဲမှာ ဆိုနေတာဗျ"

"သူ့အသံက ဘယ်လိုနေလို့လဲ"

"ဆိတ်မြည်သလို၊ ဝက်မြည်သလိုပဲဗျာ၊ တစ်မျိုးကြီး"

"အဲဒီလူ နာမည်က ဘယ်လိုခေါ်သတဲ့လဲ"

"ကိုသာမိုးတဲ့"

"ဓာတ်ဘူး နာမည်ပါလား။ သူ့မိန်းမ နာမည်ကကော"

"မြသီတာတဲ့။ အဲဒီ ဧည့်သည်မမက လှသလောက် သူ့အဖေကြီးကတော့ ဝက်ဝံကြီးကို ဘိုကေ ဖီးထားသလိုပဲ။ ဒါပေမဲ့ သဘောတော့ ကောင်းတယ်ခင်ဗျာ။ ကျွန်တော့်ကို မုန့်ဖိုးတစ်ကျပ်ကြီးများတောင် ပေးတယ်။ ကိုယ့်အမျိုးအရင်းကြီးက ငါးမူး၊ တစ်မတ်တောင် ပေးဖို့ ခဲယဉ်းတာ"

မောင်မြတ်ကျော်က သူ့ကို ရိုမှန်းသိလျက် မကြားချင်ပြုကာ...

"နို့... သူ့သမက် ရုပ်ကကောကွ"

"သူ့မိန်းမနဲ့ မတန်ပါဘူးဗျာ။ မျက်မှန်နဲ့ ရှေ့သွားနှစ်ချောင်းက အောက်နှုတ်ခမ်းပေါ်တင်လို့ ယုန်သေနဲ့ တူသေးတော့။ အဲ... သူက ဒိုင်ယာရီ စာအုပ်ကလေး အမြဲဆောင်ထားပြီး ကြားသမျှ၊ မြင်သမျှ မှတ်စုရေးလေ့ရှိသဗျ။ ဘဘက မမသန္တာကို ပြောသံကြားရတာဖြင့် ဒီလူက သွပ်ချောင်းချောင်းနဲ့ တူသတဲ့"

"အင်း... မင်းတို့သားအဖကဖြင့် ပြောတဲ့လူကပြော၊ ကြားတဲ့လူကလည်း ကြားတတ်ပါပေရဲ့။ မင်းနားကလည်း ကားသလောက် သူများ အတင်းအဖျင်း ကြားရမယ်ဆို နိုးတူးပဲ"

"လူဆိုတာ နား၊ မျက်စိ ဖွင့်ထားရမယ် ဆိုသမို့လား အစ်ကိုရဲ့။ ဦးရွှေဒိုးဆိုတဲ့ လူကြီးပြောတာကတော့ ရထားပေါ်မှာ သူ့ခြေထောက်ကြိုးနဲ့တုပ်သွားတဲ့ လူများတွေ့ရင် အစိမ်းလိုက် ဝါးစားလိုက်ချင်သတဲ့"

"အောင်မယ်... တယ်အစားသရဲမယ့် လူပဲကွ။ ကဲ... ဝက်ကလေး အဲဒါတွေထား၊ အဘွားကြီးကို သွားပြောလိုက်။ ငါ မျက်နှာသစ်ပြီးရင် ကော်ဖီလာသောက်မယ်လို့။ ဒါနဲ့ သန္တာကော"

"မမလည်း ဧည့်သည်တွေနဲ့ လမ်းလျှောက်ပါသွားတယ်"

mgyoe.com

mgyoe.com


ပြောပြီး ပြုံးဖြီးဖြီးနှင့် "အစ်ကို ကျွန်တော့်ဖို့ ရန်ကုန်က လက်ဆောင်လေး၊ ဘာလေးများ ပါမလားလားဗျ"

"လက်စသတ်တော့ ဒါကြောင့် ငါ့အနား လာကပ်နေတာကိုး။ ရော့... ဒီမှာသော့၊ သေတ္တာထဲမှာ မင်းကြိုက်တဲ့ လျှို့ဝှက်သည်းဖိုနဲ့ ကာတွန်းစာအုပ်တွေ ပါလာခဲ့သကွာ"

နန္ဒက ဝမ်းမြောက်ဝမ်းသာနဲ့ သေတ္တာကိုဖွင့်၊ စာအုပ်တွေ ထုတ်၍...

"အား... ဟန်ကျသကွ။ ကျွန်တော်က ဒီလို ဆော်တာတီးတာများများပါတာမှ ကြိုက်တာ"

"အေး... ဒါပေမဲ့ မင်းကိုယ်တိုင် အဆော်အတီး မခံချင်ရင်တော့ ငါ့အခန်းထဲက မြန်မြန် ထွက်ပေတော့"

* * *

မြသီတာ

မောင်မြတ်ကျော်သည် ထမင်းစားခန်းထဲ၌ တစ်ယောက်တည်းထိုင်ကာ ဦးရီးတော်တို့ သားအဖကိစ္စနှင့် မိမိအား အစိမ်းလိုက် ဝါးစားချင်သည်ဆိုသော ဦးရွှေဒိုးအကြောင်းကို စဉ်းစားရင်း ကော်ဖီသောက်နေသည်။

ထိုကော်ဖီက မနပ်။ ကတ္တရာနံ့လိုလို၊ ဆီချေးစော်လိုလို နံ့သဖြင့် နှာခေါင်းကိုရှုံ့၍ လျှာကို တပြတ်ပြတ်လုပ်နေစဉ် ပေါ့ပါးညင်သာသော ခြေသံနှင့် အတူ တံခါးဝမှချောမောလှပသော မိန်းကလေးတစ်ယောက်လာရပ်လျက်...

"ဩော်... ဒါက ထမင်းစားခန်းပဲ ပြန်ရောက်လာတာကိုး။ သီတာဖြင့် ဒီအိမ်ကြီးထဲ လျှောက်ကြည့်ရတာ ဝင်္ကဘာလှည့်နေရသလား ထင်မိတယ်။ မျက်စိကို လည်လို့"

မြတ်ကျော်က မြသီတာကို ငေးကြည့်ရင်း မချိုးမွမ်းစဖူး ချီးမွမ်းသော နန္ဒ၏စကား မှန်ပေတာပဲ။ အသံကလေးကလည်း နာမည်နှင့်လိုက်အောင် သာယာချိုအေးပါဘိဟု မှတ်ချက်ချနေမိစဉ် မိန်းကလေးက သူ့အားကြောင်အမ်းအမ်းဖြင့် ကြည့်ပြီး...

mgyoe.com

mgyoe.com

"ခွင့်လွှတ်ပါ ရှင့်။ သီတာ ရုတ်တရက် ဝင်လာတာ အစားအသောက် ပျက်သွားသလား။ အိမ်ကြီးကကြီးပြီး အခန်းတွေက များလွန်းတော့ သီတာ လည်း ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိဘူး"

သည်တော့မှ မောင်မြတ်ကျော် စကားပြောနိုင်ကာ...

"အို... ကိစ္စမရှိပါဘူး ခင်ဗျာ။ ကျွန်တော် လိုက်ပြပါ့မယ်။ ကျွန်တော့်နာမည်က စိုင်းမြတ်ကျော်ပါ။ ဦးခွန်ပိုင်ရဲ့ တူတော်ပါတယ်"

ကုလားထိုင်တစ်လုံးကို ပြင်ပေး၍...

"ထိုင်ပါ။ ကော်ဖီသုံးဆောင်ပါဦး ခင်ဗျာ"

မြသီတာက ရဲရင့်တည်ကြည်စွာ ဝင်ထိုင်လိုက်ပြီး...

"တော်ပါပြီ ရှင့်။ သီတာ သောက်ပြီးပါပြီ"

မောင်မြတ်ကျော်က ရယ်မော၍...

"ဒီကော်ဖီ သောက်ပြီးတာလား"

မြသီတာက ခေါင်းညိတ်တော့...

"ဟား... ဟား... ဒီကော်ဖီသောက်ပြီးရင်တော့ တစ်သက်မေ့တော့မှာ မဟုတ်ဘူး။ ဦးရီးတော်တို့က ရှမ်းဓလေ့ဆိုတော့ ကော်ဖီသောက်လေ့ သောက်ထ ရှိတာမဟုတ်ဘူး။ ဧည့်လာစောင်လာထားတော့ ကော်ဖီဘူးက ကြာပြီး ဆီချေးစော်လိုလို၊ ကတ္တရာစော်လိုလို နံနေတာပေါ့ဗျာ ဟုတ်လား"

မြသီတာက ဘာမျှပြန်မပြော။ အားနာသလို ပြုံးနေတော့ မောင် မြတ်ကျော်ပင် ဆက်လက်၍...

"ခုခေတ် မိန်းကလေးတွေက ကောင်းသဗျာ။ စကားပြောရင် ကိုယ့်နာမည်ကိုယ် ထည့်ထည့်ပြောကြတော့ ညီမနာမည်က သီတာတဲ့နော်"

"မြသီတာပါ"

"သြော်... မြတစ်လုံးပဲ ချန်ထားသကိုး။ ခင်ပွန်းသည် နာမည် ကကော"

မြသီတာမှာ ရှက်သွေးဖြာသွားကာ...

"အို... သီတာမှာ ခင်ပွန်းသည် မရှိသေးပါဘူး"

"နို့... ကျွန်တော့် ဦးရီးတော်ကပြောတော့ ဦးရွှေဒိုးနဲ့၊ သမီးနဲ့၊

mgyoe.com

mgyoe.com


သမက် ဆိုသလားလို့"

မြသီတာက နှစ်မြို့ဟန် မပြဘဲ...

"အင်း... ဖေဖေတို့ကတော့ သူ့စိတ်ကူးလိုက်ရင် ဖြစ်ပြီးသားလို့ သဘောထားပြီး ပြောလိုက်တော့တာပဲ။ ကိုသာမိုးနဲ့ သီတာက စေ့စပ်ရုံလောက်ပဲ ရှိပါသေးတယ်"

"ဩော်... ဟုတ်လား။ သို့သော် မကြာခင် ဖြစ်သွားမှာပေါ့လေ"

ဤသို့ပြောသည်ကို မြသီတာ နှစ်သက်ပုံမပေါ်၍ မြတ်ကျော်က စကားပြောင်းလွှဲရန်...

"နို့... ကျွန်တော့် ညီတော်မောင်ပြောတော့ ဧည့်သည်အားလုံးပဲ လမ်းလျှောက်ထွက်သွားကြတယ် ဆိုလားလို့"

"ဩော်... ဟုတ်ပါတယ်။ အိမ်က ထွက်ကြတုန်းကတော့ အတူတူပါပဲ။ တော်တော်လေး လျှောက်မိတော့ သီတာ ခြေဖဝါးနာတာနဲ့ ပြန်လာခဲ့တာပါ။ သီတာက ဒီလို တောလမ်းတောင်လမ်း၊ ကျောက်တုံး ကျောက်ခဲတွေကြားလည်း မလျှောက်ဖူးဘူးလေ"

"ဟုတ်တာပေါ့။ နို့... သီတာ အဖေကြီးကတော့ လျှောက်နိုင်တယ် နော်"

"သီတာ ပြန်လာတဲ့အထိတော့ ဦးခွန်ပိုင်နဲ့ စကားတပြောပြောနဲ့ ပါသွားလေရဲ့"

"သူ့ကိုယ် ဒီလောက်ဝဝ၊ သူ့ဗိုက် ဒီလောက်ကြီးကြီးနဲ့ ဒီလို လျှောက်နိုင်မယ် ထင်စရာ မရှိဘူးနော်"

"ဟုတ်တယ်။ ဒါပေမဲ့ ဖေဖေက လူဝကြီးဖြစ်ပေမယ့် သန်သန်မာမာရှိတယ် ရှင့်။ ဖေဖေနဲ့ ရှင် တွေ့ပြီးပြီလား"

"ဒီအိမ်ရောက်မှတော့ မတွေ့ရသေးဘူး"

"နို့... ဘယ်တုန်းက တွေ့ဖူးတာလဲ"

မောင်မြတ်ကျော်က ပြုံးစနဲ့နဲ့နှင့်။ "မနေ့ညက ရထားပေါ်မှာ"

မြသီတာ မျက်လုံးက ပြူးပြူးဝိုင်းဝိုင်း ဖြစ်သွားကာ...

"ဒါဖြင့် ဖေဖေ့ခြေထောက် ကြိုးနဲ့တုပ်ပစ်ခဲ့တာ ရှင်ပေါ့"

mgyoe.com

mgyoe.com


မြတ်ကျော်က ခေါင်းညိတ်လိုက်တော့ မြသီတာမှာ အံ့သြသွားဟန်ဖြင့် "ဘာဖြစ်လို့ ဒီလို လုပ်ခဲ့တာလဲ ရှင်"

"ကျွန်တော့်ရဲ့ အားနည်းချက် ဆိုပါတော့ဗျာ"

"ဘယ်လို အားနည်းပုံမျိုးလဲ"

ဖအေ့အတွက် မခံချင်စိတ်မျိုး ပေါ်လာပုံရှိသည်။ မောင်မြတ်ကျော်ကတော့ နှိမ့်ချသောအသံဖြင့်...

"သည်းမခံနိုင်မှုက ဖြစ်ပေါ်လာတဲ့ အားနည်းချက် ဆိုရမှာပဲ။ ကလဲ့စားချေချင်တဲ့ စိတ်ပေါ့လေ"

"ဒါဖြင့် ရှင် ဖေဖေ့အပေါ်မှာ မကျေနပ်ရှိရမှာပဲ။ ဘာမကျေနပ်တာလဲ"

"အဲဒါကတော့ သူနဲ့ ကျွန်တော် စတွေ့တွေ့ချင်းပါပဲ ခင်ဗျာ။ ကျွန်တော် မှန်ရာကို တစ်လုံးမကျန် ပြောပါတော့မယ်"

အစချီပြီး မြတ်ကျော်သည် သူနှင့် ဦးရွှေဒိုး အချင်းများခဲ့ရပုံကို ရှင်းလင်းပြသည်။ မြသီတာကပင် အချို့နေရာ၌ ဝင်၍ ထောက်ပါသေးသည်။

"အင်း... ဖေဖေကတော့ ဒီလို ဘုစကား ပြောလိမ့်မယ်ဆိုတာဖြင့် သီတာ ဝန်ခံပါတယ်"

"ဟာ... တော်တော် ဘုပြောတဲ့ အဘိုးကြီးပါဗျာ။ ဒါပေမဲ့လို့ ရှမ်းပြည်နယ်အတက် တောင်ကွေ့တောင်စောင်းတွေမှာ သူ့အိပ်ရာအပေါ်ဆင့်က ထပ်ထပ်တင်ထားတဲ့ သေတ္တာတွေ သူ့အပေါ်ကျ၊ သူ ဒုက္ခရောက်မှာတော့ မကြည့်ရက်လို့ ကျွန်တော် အောက်ချသင့်တဲ့ သေတ္တာတွေ အောက်ချပြီး နေသားတကျ လုပ်ပေးခဲ့ပါတယ်"

"ဟုတ်တယ် ရှင့်။ ဒါတွေကိုတော့ ကိုသာမိုးက ပြောပါတယ်။ သေတ္တာတွေဟာ လွှင့်စဉ်ပြိုကျတာ မဟုတ်ဘူးတဲ့"

"လွှင့်စဉ်ပြိုကျတာဖြစ်ရင် ခင်ဗျား အဖေကြီး ခုမနက်လို ဘယ်လမ်းလျှောက် ထွက်နေနိုင်ပါ့မလဲဗျာ"

"ကျေးဇူးတင်ပါတယ် ရှင်"

mgyoe.com

"မတင်ပါနဲ့ဦး။ ကျွန်တော့်ပြစ်မှုကို ပြောစရာ ရှိပါသေးတယ်။ ကျွန်တော်က အဲဒီလို သူ့အတွက်၊ သူ့ပစ္စည်းတွေ သယ်ပိုးလုပ်နေရတာတော့ သူ ဘာမှမသိဘူး။ အိပ်လိုက်တာလေ ဟောက်သံအမျိုးမျိုးနဲ့၊ ခြင်သေ့ဟောက်သံ၊ ကျားဟိန်းသံ၊ နဲ့မှုတ်သံတွေ စုံနေတာပါပဲခင်ဗျာ"

မြသီတာ တခစ်ခစ် ရယ်လျက်...

"အစစ်ပေါ့... အစစ်ပေါ့။ ဒါကြောင့် သီတာတို့က သူနဲ့ တစ်ခန်းတည်း မနေတာ။ တောင်ကြီးပြန်တဲ့ ကျောင်းသူမလေးတွေနဲ့ တစ်တွဲတည်း လက်မှတ်ယူခဲ့တာ။ ကိုသာမိုးကလည်း ကျွန်မတို့တွဲ ခဏလာရင်း နေရာချောင်တာနဲ့ ဖေဖေ့ဟောက်သံ နားမခံနိုင်ဘူးဆိုပြီး အဲဒီတွဲ မပြန်ဘဲနေတာ"

"အောင်မယ်လေး... ဒါဖြင့် အဲဒီဒဏ် ကျွန်တော် ခံရတာပေါ့ဗျာ"

"ဒါကြောင့် ရှင်က သီတာအဖေ့ကို ကြိုးတုပ်ခဲ့တာ ဆိုပါတော့"

"ဟုတ်တယ်။ ကျွန်တော့်စိတ်ထဲမှာ ဒီလောက်တောင် လူတစ်ယောက်ကို ဘုပြောတဲ့ လူကြီး၊ အအိပ်ကြီးတဲ့ လူကြီး၊ ဟောက်သံ ဆိုးဝါးတဲ့ လူကြီး၊ နောင် အမှတ်တရ ဖြစ်ကရောဟဲ့လို့ဆိုပြီး သူ့အိပ်ရာ လိပ်ချည်တဲ့ ပိုက်ဆံကြိုးကလည်း အဆင့်သင့်တွေ့နေတာကိုး။ သူကလောကို ဆင်းလိမ့်မယ်။ ကျွန်တော့် ဦးရီးတော် ပင့်ဖိတ်တဲ့ဧည့်သည် ဖြစ်နေတယ်ဆိုတာလည်း မသိဘဲကိုးဗျ။ ခုတော့ တစ်အိမ်တည်း လာဆုံနေရပြီ"

"အဲဒီတော့ ရှင် ဘယ့်နှယ်လုပ်မလဲ"

"ပထမ သူ့သမီးကို တောင်းပန်ရမှာပေါ့ဗျာ"

"သီတာ အနေကကော အခု ရှင်ပြောပြတဲ့ အတိုင်းဆိုရင်ဖြင့် သီတာသာ ရှင့်နေရာမှာဆိုရင် ရှင့်လိုပဲ လုပ်မိမှာ ထင်တာပဲ"

မြတ်ကျော်သည် ဝမ်းသာသွားကာ...

"အောင်မလေး... ဒီလိုဆိုရင် ပဏာမ လွတ်ငြိမ်းချမ်းသာခွင့်ရတာပေါ့ဗျာ။ ဒါပေမဲ့ သီတာ့ဖေဖေကြီးကတော့ ကျွန်တော့်ကို အစိမ်းလိုက်ဝါးစားချင်တယ်လို့ ပြောနေသတဲ့"

"ဟုတ်တယ်။ သူ ရှင့်ကို သိပ်စိတ်ဆိုးနေတာပေါ့။ သူ အိပ်ရာက နိုးနိုးချင်းဖြင့် သူ့ကိုယ်သူ အောက်တစ်ပိုင်း သေသွားပြီလို့တောင် ထင်တာပဲ"

mgyoe.com

mgyoe.com

"နို့... ကိုသာမိုးက ကော"

"သူကတော့ ရှင့်ကို ရူးကြောင်ကြောင် လူတစ်ယောက်မို့ ဒီလို လုပ်သွားတာပဲ။ အနာတရ လုပ်မသွားတာ တော်သေးတာပေါ့တဲ့"

"အောင်မလေးဗျာ။ ကျွန်တော့် အရူးတဲ့"

"နို့... သူ့အမြင်ကဆို ဒီလိုပဲ ထင်စရာ ဖြစ်နေတာကိုး"

"ကိုသာမိုးက ဘယ်လို လူစားလဲဗျ"

"ကုန်သည်ပဲ ရှင်။ စီးပွားရေးသမားပေါ့"

"နို့... မှတ်စုစာအုပ်နဲ့ ကြားတာ၊ မြင်တာတွေ တကုတ်ကုတ် ရေးခြစ်နေတာပဲဆို။ ကျွန်တော့် ညီတော်မောင် နန္ဒက ပြောတယ်"

"အဲဒီလို ဒေသန္တရ ဗဟုသုတ စုဆောင်းတတ်တဲ့ ဝါသနာလည်း သူ ပါတယ်။ သူ ရန်ကုန်က ဒီလာတော့မယ်ဆိုတော့ ရှမ်းပြည်နယ် အကြောင်းရေးတဲ့ စာအုပ်တွေ တော်တော်များများ ရှာဖတ်ထားတယ် ရှင့်"

"ဟင်... ဒါဖြင့် ကျွန်တော်ရေးတဲ့စာအုပ်များ သူ ဖတ်မိလေမလား"

"သြော်... ရှင်ကလည်း စာရေးဆရာကိုး"

"စာရေးဆရာရယ် မဟုတ်ပါဘူးဗျာ။ ကိုယ့်ပြည်နယ်အကြောင်း ရယ်လို့ ကိုယ်သိသမျှ ရေးလိုက်တာပါ"

"စာအုပ်နာမည်က ဘာတဲ့လဲ"

"**တို့ရှမ်းတောင်သူ တူနိုင်ရိုးလား ကလောင်နာမည်က မိုးကျော် (ရှမ်းပြည်နယ်)**"

"အို... ဟုတ်တယ်... ဟုတ်တယ်။ ဒီစာအုပ် ကိုသာမိုးဖတ်တာ မြင်မိတယ်"

"ဟုတ်လား။ သူက ဒီစာအုပ်အကြောင်း ဘာပြောလဲ"

"မှန်တာပြောရရင် သူ့စိတ်နဲ့ သိပ်မတွေ့သေးဘူး ထင်တယ်။ အကြောင်းအရာကတော့ ကောင်းသား။ ရေးပုံက လေးလေးပင်ပင် မရှိဘူး။ ပေါ့ရွတ်ရွတ်နေသတဲ့"

"ဇကေန္တ ဒီလူ ဟာသဉာဏ်နည်းတယ် ထင်ပါရဲ့"

"ဟုတ်တယ် ရှင့်၊ ရှင်ပြောတာ မှန်တယ်။ နည်းရုံတင်မဟုတ်

mgyoe.com

mgyoe.com


ဘူး။ ဟာသဉာဏ် မရှိသလောက်ပါပဲ ရှင်"

"ဟွန်း... ဒီလူမျိုးနဲ့ နေရရင် ပျင်းစရာကြီး"

"ဟုတ်တယ်။ ကျွန်မ သူနဲ့ စကားပြောရရင် သိပ်ညည်းငွေ့တာပဲ"

"အောင်မယ်လေး... ဒါနဲ့များ လက်ထပ်ဖို့ စေ့စပ်သေး"

"ဒါတော့ ဖေဖေ စီမံတာပါ ရှင်"

"ဘယ်တော့ မင်္ဂလာဆောင်ကြမှာလဲ"

"ဒီကအပြန် ရန်ကုန်ရောက်ရင် ဝါမဝင်ခင် ပြောတာပဲ။ ဒါပေမဲ့ သေတော့ မသေချာသေးပါဘူး ရှင်"

"ဘာလို့ မသေချာတာလဲ"

"ကျွန်မ စိတ်မှ မဆုံးဖြတ်ရသေးတာ။ ဖေဖေက သူ့သဘောကျ လုပ်နေပေမယ့် ကျွန်မက ပါမှ ဖြစ်တာကြီးကို"

"အို... ဟုတ်တာပေါ့လေ"

ဟု ပြောပြီး မောင်မြတ်ကျော်က သီတာ့မျက်နှာကို စေ့စေ့ ကြည့်နေရာ သီတာက မျက်နှာလွှဲ၍...

"ကဲ... ဒီကိစ္စ မပြောဘဲ နေကြပါစို့လား ရှင်"

ဟုဆို၍ ခေတ္တ စကားဖြတ်ပြီးမှ...

"အခု သီတာက ဒီအိမ်ကြီးကို လျှောက်ကြည့်ရင်းနဲ့ ရှင်ကော်ဖီ သောက်တဲ့အခန်း ရောက်လာတာ"

ထိုအခါ မောင်မြတ်ကျော်က နေရာကိုပြင်၍...

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ကော်ဖီသောက်ပြီးပါပြီ။ သီတာ ဒီအိမ်ကြီး လျှောက်ကြည့်ချင်တယ်ဆိုရင် ကျွန်တော် နဲ့အောင် လိုက်ပြပါမယ်။ ဟိုတုန်းက ရာဇဝတ်သားတွေထားတဲ့ မြေတိုက်ခန်းတွေ၊ ဘာတွေလည်း ရှိတယ်ဗျ။ ကဲ... လာလာ... သွားမှဖြစ်မယ်။ သီတာ့အဖေကြီးက ကျွန်တော့်ကို အစိမ်းလိုက် ဝါးမစားခင် သွားကြရအောင်"

သူတို့နှစ်ယောက် ထိုင်ရာမှထ၍ အခန်းပြင် ထွက်မည်ပြုစဉ် တံခါးဝ၌ သီတာက ခြေလှမ်း တုံ့ခနဲ တန့်သွားပြီး...

"ကျွန်မတို့တော့ အထွက်နောက်ကျသွားပြီ ရှင့်"

mgyoe.com

mgyoe.com


အကြောင်းမှာ လမ်းလျှောက်ထွက်သွားကြသော ဦးခွန်ပိုင်နှင့် ဒေါ်ညည်တစ်သိုက်သည် ပြင်းထန်သော ခြေသံ၊ ကျယ်လောင်သော စကားပြောသံများနှင့် အိမ်ရှေ့ခန်းသို့ ဝင်လာကြပြီတည်း။

■

mgyoe.com

mgyoe.com

# [ ၄ ]

ဦးရွှေဒိုးသည် ချစ်သမီး အလိုလိုက်၊ အကြိုက်ဆောင်၍သာ ရှမ်းပြည်နယ်သို့ တက်ခဲ့ရသော်လည်း သူ့စီးပွားရေးအတွက် စိတ်ဝင်စားမှုက အမြဲရှိနေသည်။ ယခုလည်း ဦးခွန်ပိုင်က အိမ်လှေကားထိပ်မှနေ၍ လက်ဇွေ့ပြရင်း...

"ဟော့ဒီ တောတွေထဲမှာ သမင်တို့၊ ဂျီတို့ တကယ်ပေါတာပေါ့ဗျ။ သေနတ်တစ်လက် ရှိမယ်ဆိုရင် ဘယ် ဟင်းရာဝယ်ဖို့ လိုလိမ့်မလဲ"

ဦးရွှေဒိုးက သူ့စကားကို လက်မခံဘဲ...

"အား... ဘယ်မလဲတော။ သစ်ပင်ဆိုလို့ တစ်ပင်မှ မမြင်ပါလား"

"ဩော်... ဦးရွှေဒိုးကလဲ"

ဦးခွန်ပိုင်က စိတ်မရှည်စွာ...

"သမင်တို့၊ ဂျီတို့ဆိုတာက သစ်တောထဲမှာ နေတာမဟုတ်ဘူးဗျ။ သူတို့ကိုယ်ကို အကာအကွယ်ပေးနိုင်တဲ့ ကိုင်းတော၊ ချုံတောထဲမှာ နေတာဗျ။ ဒါဟာ သားကောင်တို့၏ သဘာဝပဲ။ သစ်တောကြီးတွေထဲမှာ ကျား၊ ခြင်္သေ့၊ ဝံပုလွေဗျ၊ သားရဲကောင်တွေ"

ဦးရွှေဒိုးက သူ ပြောလို့သာ ကြားရသော်လည်း စိတ်ဝင်စားခြင်း မရှိဘဲ မောင်သာမိုးကသာ သူ့မှတ်စုစာအုပ်မှာ တကုတ်ကုတ် ရေးခြစ်နေ၏။

mgyoe.com

mgyoe.com

ထိုနေ့မနက် ဦးခွန်ပိုင်နှင့်အတူ လမ်းလျှောက်ထွက်ရာမှ ပြန်လာသောအခါ ဦးရွှေဒိုးမှာ အတော်ပင်ပန်းလျက် ရှိနေပြီ။ ထို့ကြောင့် ဧည့်ခန်းထဲရောက်ကြ၍ ဦးခွန်ပိုင်က သောက်ရေတစ်ခွက်ကို ပေးလိုက်သည်။

သူ အားရပါးရ သောက်ချလိုက်ပြီး ထိုင်မည်ဟန်ပြင်နေစဉ် ဦးခွန်ပိုင်က "နက်ဖြန်တော့ ကျုပ်တို့ သမင်ပစ်သွားကြတာပေါ့" ယင်းသို့ ပြောလိုက်သည့်အခိုက်မှာပင် ဦးရွှေဒိုးမျက်လုံးသည် ပြူးကျယ်သွားလျက်...

"ဟား... သမင်ထက်အရင် ကျုပ် ပစ်ချင်တဲ့ အကောင်တော့ တွေ့ပြီဗျို့"

အကြောင်းမှာ ထမင်းစားခန်းဝ၌ သူ့သမီးနှင့်အတူ မောင်မြတ်ကျော်ကို မြင်လိုက်ရသောကြောင့်တည်း။ ဦးရွှေဒိုးကိုယ်ကြီးသည် ဖားဖိုကြီးကဲ့သို့ သက်ပြင်းကြီး တရှူးရှူးမှုတ်ကာ အကယ်၍ သူ့လက်ထဲ သေနတ်ရှိနေပါမူ မောင်းဖြုတ်ကောင်း ဖြုတ်လိုက်မည်ဖြစ်သော်လည်း ယခုမူ သူလက်ချည်းမို့ မောင်မြတ်ကျော်အား မည်ကဲ့သို့ စတင်ဆော်ရမည်နည်း။

အကယ်၍သာ မောင်မြတ်ကျော်သည် အောက်ဖော်ပြပါအတိုင်း မပြုမူပါက လွတ်အောင်ပြေးနိုင်သည်က ပြေးစေ၊ မပြေးနိုင်သော် ဦးရွှေဒိုးအား ခုခံသတ်ပုတ်ရပေတော့မည်။ မြသီတာကလည်း ဤသို့ပင် မျှော်လင့်၏။ သို့သော် မောင်မြတ်ကျော် ပြုမူပုံကား ဦးရွှေဒိုးအား မည်သို့မျှ စိုးရွံ့ဟန်မပြဘဲ မျှော်လင့်နေသောသူကို သူထင်သည့်အတိုင်း တွေ့လိုက်ရဘိသို့ ဦးရွှေဒိုးဆီသို့ ဝမ်းသားအားရပြေးသွားကာ အဘိုးကြီး၏ ပခုံးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့်ပွေ့ဖက်ကာ လှုပ်လှုပ်လှဲလှဲ အသံဖြင့်...

"အား... ကျွန်တော်တို့ တွေ့ကြပြီနော်။ ဦးကို ကျွန်တော်က တစ်သက်မမေ့နိုင်အောင် မနေ့က ကျွန်တော်တို့ ရှမ်းလူမျိုးတွေ ထုံးစံအတိုင်း ကျီစားပစ်ခဲ့တာ။ ကဲ... အခု ဦး ကျွန်တော့်ကို ချက်ချင်းသတိရတာပဲ မဟုတ်လား"

အတွင်းသိ အစင်းသိမို့ မြသီတာ အံ့ဩသည်ထက် ဦးရွှေဒိုး ပိုမို အံ့ဩသွားကာ ရုတ်တရက် သူ့ဒေါသတွေ ဘယ်ရောက်သွားသည် မသိရတော့ဘဲ...

mgyoe.com

mgyoe.com


"ဟော့... မင်း ငါ့ကို မနေ့က ကြိုးနဲ့ချည်ပစ်ခဲ့တာက ရှမ်းလူမျိုးတွေ ကျီစားတာ ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ။ ဒါ ကျွန်တော်တို့ ရှေးရိုးထုံးစံပါခင်ဗျ"

"ဟာ... မင်းတို့ ကျီစားပုံက မလွန်လွန်းဘူးလား"

"စိတ်မဆိုးပါနဲ့ ဦးရယ်။ ကျွန်တော်တို့ ရှမ်းထုံးစံမှာ ချစ်လို့ ခင်လို့ ကျီစားတာကို ဖွဲ့မယူရပါဘူး။ ဒီလို အရောတဝင် စိတ်ရော ကိုယ်ပါ ကျီစားတာဟာ တစ်ခါတည်းနဲ့ ငယ်စဉ်တောင်ကျေးကလေးဘဝက ပေါင်းသင်းလာခဲ့သလို ရင်းနှီးသွားဖို့ပါပဲ"

ဦးရွှေဒိုးက ဘာထပ်ပြောရမှန်းမသိ ဖြစ်နေစဉ် ကိုသာမိုးသည် သူ့မှတ်စု စာအုပ်ကလေးထုတ်၍ ရှေ့တိုးလာပြီး ရေးရန်ဟန်ပြင်လျက်...

"ဘယ်လို... ဘယ်လို၊ ခုနပြောတာတွေ ပြန်ပြောပါဦး"

မောင်မြတ်ကျော်မှာ သူ့လုပ်ဇာတ် ထပ်စစ်သလိုနေသဖြင့် မောင်သာမိုးအား မျက်စိစွေကြည့်ပြီး...

"ခုန ခင်ဗျားကြားတဲ့အတိုင်းပေါ့ဗျာ။ စကားဆိုတာ ထပ်ပြောရင် အကြောင်းအရာ ပေါ့ပျက်ပျက် ဖြစ်သွားတတ်တယ်"

"ကျုပ်ပြောတာက ခင်ဗျားတို့ ရှမ်းတွေဟာ ဒီလိုပဲ ကိုယ့်ဆီလာတဲ့ ဧည့်သည်တွေကို ကလေးဆန်ဆန် နှောက်ပြောင်လေ့ရှိသလားဆိုတာ သိချင်လို့ပါ"

"ဒီဓလေ့က ရှေးခေတ်ထုံးစံပါ။ ခုခေတ်မှာတော့ မရှိတော့သလောက်ပဲ။ ကျွန်တော်က ဟောဒီဦးနဲ့အတူ ရထားပေါ်ဆုံမိတော့ ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ဆိုတဲ့သဘော ကျီစားမိတာပါ"

ဤတွင် မောင်မြတ်ကျော်ကို ဘာပြောရကောင်းမလဲ စဉ်းစားနေသော ဦးရွှေဒိုးက...

"ဒါဖြင့် ရထားပေါ်မှာတုန်းက ငါ့ကို မင်းတို့ဆီလာတဲ့ ဧည့်သည်ဆိုတာ မင်းက သိနေတယ်ပေါ့"

ဦးရွှေဒိုးကပါ မောင်မြတ်ကျော်စကားကို ယုံတုန်တုန်မေးလာတော့ မောင်မြတ်ကျော် ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲ အသံနှင့်...

mgyoe.com

mgyoe.com

"ဟုတ်ပါတယ် ခင်ဗျ၊ မှန်ပါတယ် ခင်ဗျ။ နို့မဟုတ်ရင် ဦးကို ကျွန်တော် ဒီလိုလုပ်စရာ ဘာအကြောင်းရှိသလဲ။ ကျွန်တော့် ဦးရီးတော်က ကျွန်တော်စီးမယ့် ရထားနဲ့အတူ ဦးတို့ ပါလာလိမ့်မယ်ဆိုတာ ကြိုပြီး စာရေးပါတယ် ခင်ဗျ"

ဒီနေရာမှာ ဦးခွန်ပိုင်သည် မောင်မြတ်ကျော် မလျော်တာလုပ်ခဲ့ပြီး မဟုတ်မဟပ် လုပ်ဇာတ်ခင်းနေပြီဆိုတာ သိလေပြီ။ အကူအညီရမလား၊ သူ့ကိုခေါ်မှ ကပျက် ယပျက်လုပ်လေခြင်းဟု ဒေါသထွက်လွန်းသဖြင့် အံကို တကျစ်ကျစ်မြည်အောင် ကြိတ်မိရာ မတော်တဆ နံဘေးက ညှော်သည်များ ကြားသွားမည်ကို စိုးရိမ်ရ၍ အသာနောက်ဆုတ် လိုက်ရ၏။ ပြီးမှ တစ်ခုခု သတိရ၍ မျက်နှာထားပြင်လိုက်ကာ ဥကြက်မ၊ ကြက်ဥကျင်းက ဆင်းလာသော အသံမျိုး၊ ကလပ်ကလပ်နှင့် ကြောင်စီစီ ရယ်မောလိုက်ကာ...

"ကျွန်တော့်တူ မြတ်ကျော်တော့ ဗွေမယူပါနဲ့ ခင်ဗျာ။ ဒီကောင်က ဒီလိုပဲ နောက်တတ် ပြောင်တတ်ပါတယ်"

ဟုဆိုပြီး မျက်နှာထား တည်တည်ဖြင့်...

"ကဲ... မြတ်ကျော်၊ မင်း ဦးကြီးကို တောင်းပန်လိုက်ကွ"

ဒီတော့ မောင်မြတ်ကျော်က ဦးရွှေဒိုးကို ဦးညွှတ်လျက်...

"ကျွန်တော် ဂါရဝပြုပါတယ် ခင်ဗျာ။ ဦးက ကျွန်တော့်ကို ပြန်လည် ချစ်ကြည်တဲ့သဘောနဲ့ ကျွန်တော့်ခြေထောက်ကို ကြိုးနဲ့ တုပ်ချင်တယ် ဆိုလည်း ကျွန်တော်က ခြေကိုစင်းပေးဖို့ အသင့်ပါပဲခင်ဗျ"

ဒီနေရာမှာ မောင်သာမိုးက မှတ်စုစာအုပ်နှင့် ရှေ့တိုးလာပြန်ပြီး...

"ဒါလည်း ရှမ်းဓလေ့ပဲလား"

ဒီတစ်ခါတော့ မောင်မြတ်ကျော်က စိတ်ပေါက်ပေါက်နှင့်...

"ဟာ... သိပ်ဟုတ်။ အလွန် ဟုတ်ပဲဗျ။ ခင်ဗျား ကျွန်တော် ရေးထားတဲ့ စာအုပ်ဖတ်ရင် ပိုကောင်းမယ်"

"ခင်ဗျား ရေးထားတာ ရှိသလား။ ဘာစာအုပ်လဲ"

"တို့ရှမ်းတောင်သူ တူနိုင်ရိုးလား ဆိုတာလေ"

မောင်သာမိုး မျက်နှာမဲ့သွားကာ...

mgyoe.com

mgyoe.com


"ဟာ... ဒီစာအုပ်ဖြင့် အလကားဟာပဲ။ ဘာမှ လေးလေးနက်နက် မရှိဘူး"

"ဩော်... ခင်ဗျားက လေးလေးနက်နက်မှ ဖတ်ချင်တယ်ဆိုရင် ဘုန်းတော်ကြီးကျောင်းက ပိဋကတ်တိုက်တွေ သွားဗျ။ အဲဒီမှာ ရှေးကျမ်း စာအုပ်ကြီးတွေဟာ စာအုပ်ကြီးတွေထူတော့ လေးလည်းလေးတယ်။ သားရေ ဖုံးကြီးတွေနဲ့ဆိုတော့ နက်လည်းနက်တယ်။ သည်ထက် ပိုနက်စေချင်ရင် ကတ္တရာစီးထပ်သုတ်"

ဒီနေရာမှာ မောင်မြတ်ကျော်နှင့် မောင်သာမိုး အပေါက်အလမ်း မတည့်တော့ဘူးဆိုတာကို မြသီတာ သိသည်။ သူ့ဖခင် ဦးရွှေဒိုးလည်း မောင်မြတ်ကျော် ပရိယာယ်ကောင်းတာနဲ့ စိတ်ပြေသွားပုံပေါ်ပြီ။ ထို့ကြောင့် ဤလူစုကို ခွဲမှပဲဟု ကြားဝင်၍...

"ကဲ... ဖေဖေလည်း လမ်းလျှောက်ပြန်လာတာ ပင်ပန်းနေတယ် နားလိုက်ဦး။ ကိုသာမိုးလည်း စာပေအကြောင်းပြောချင် နောက်မှ ဆွေးနွေး ကြတာပေါ့။ ကိုမြတ်ကျော်လည်း သီတာ့ကို ဒီအိမ်ကြီး အခန်းစုံအောင် ပြမယ်ဆို လာ... သွားကြရအောင်"

ဟု မြတ်ကျော်၏ အင်္ကျီလက်ကို ဆွဲ၍ခေါ်သွားသည်။

ဤစံအိမ်တော်ကြီးမှာ မြေတိုက်ပါဆိုလျှင် လေးထပ်ဖြစ်သည်။ ကျောက်တုံးနှင့် ထုံးပေါသည့်နေရာမို့ ပစ္စည်းရက်ရက်ရောရောနှင့် ခမ်းခမ်း နားနား ဆောက်လုပ်ထားသည်။ ရှေးရှမ်းဗိသုကာများကို ချီးကျူးစရာပင်။ သူတို့သည် ပထမအထပ်မှ ဒုတိယအထပ်သို့ တဖြည်းဖြည်း တက်လာ ကြရင်း မြသီတာက မောင်မြတ်ကျော်ကို မော်ကြည့်လျက်...

"ဟင်း... ဟင်း၊ သီတာဖြင့် အံ့ဩတယ်"

"ဘာကိုလဲဗျာ"

"သီတာ မမျှော်လင့်ဘူး။ ရှင် ဖေဖေ့ကို ဒေါသပြေအောင် လုပ်နိုင် တာ"

"ဒီလိုပဲ ကြံရတာပေါ့ဗျာ။ အရေးထဲ ကိုသာမိုးက အတော်ကြောင် တဲ့ လူဗျာ"

mgyoe.com

mgyoe.com

"ဟုတ်တယ် ရှင်။ ဒီလူက စိတ်ပျက်စရာပဲ။ ဘာမှန်းညာမှန်း မသိ။ တော်တော်တုံးတဲ့လူ"

"ဒီလိုလူမျိုးနဲ့များ သိတာလို မိန်းကလေးမျိုး တွေ့တတ်ပလေ"

မောင်မြတ်ကျော်က စိတ်ပျက်ဝမ်းနည်းစွာ ပြောလိုက်လေသည်။

* * *

## စိုင်းသီဟ

မောင်မြတ်ကျော်သည် နေ့လယ်ခင်း တစ်ဦးတည်း အပြင်ထွက်ခဲ့၍ ခြေဦးတည့်ရာ လျှောက်ခဲ့ရာ တဖြည်းဖြည်း တောင်ပေါ်ရောက်မှန်းမသိ ရောက်ခဲ့၏။ တောင်ထိပ်ပေါ်သို့ အမှတ်မထင် လှမ်းကြည့်လိုက်ရာ ကျောက်တောင်တစ်ခုဆီမှ မှန်ရောင်တစ်ခု လက်ခနဲ မြင်လိုက်ရသဖြင့် ထိုနေရာဆီသို့ မှန်း၍ တက်ခဲ့သည်။ မကြာမီ တောင်ထိပ်သို့ ရောက်ခဲ့၏။ စောစောက မှန်ရောင် မြင်ရသည့်နေရာ၌မူကား အသက်နှစ်ဆယ်ခန့် လူငယ်တစ်ဦး၊ ရိုင်ဖယ်တစ်လက်ကို ဘေးမှာချပြီး မြေကြီးပေါ် ဝမ်းလျားမှောက်၍ မှန်ပြောင်းကို မျက်စိရှေ့တွင်တပ်ကာ ခွန်ပိုင်စံအိမ်တော်ကြီး ဆီသို့ စိုက်ကြည့်နေသည်။ မောင်မြတ်ကျော်သည် ကင်းပတ်ဖိနပ်နှင့်ဖြစ်သည်သာမက ခြေကိုလည်း ဖွနင်းလာသဖြင့် ထိုလူငယ် မသိရှာပေ။ မောင်မြတ်ကျော်က သူ့နံဘေးကို ဒူးနှင့် တို့လိုက်ပြီး...

"အလို... စိုင်းသီဟပါလား"

သူ့ဘေးမှ ရုတ်တရက် ပြောလိုက်သော်လည်း စိုင်းသီဟသည် ဘယ်လိုမှ ထိတ်လန့်အံ့အားသင့်မှု မပြဘဲ...

"ဩော်... ကိုကြီးကျော်ပါလား"

မောင်မြတ်ကျော်က သူ့နံဘေးတွင် ဖင်ထိုင်ချလိုက်ပြီး ဒူးပေါ်မှ ပုရွက်ဆိတ်တစ်ကောင်ကို လက်နှင့် ကောက်ပစ်ရင်း...

"တောင်အောက်က လက်ခနဲ မှန်ပြောင်းရောင် မြင်လိုက်တာနဲ့ ကေ့နဲ့ မင်းပဲလို့ ထင်လိုက်သားပဲ"

"ခု ကျွန်တော်မှန်း သိတော့ ဘာလုပ်ချင်သလဲ"

mgyoe.com

mgyoe.com


"အမယ်မယ်... စိတ်မဆိုးပါနဲ့ ကိုယ့်လူရယ်။ ကျုပ်က ရန်ဖြစ်တာ ဝါသနာ မပါပါဘူး"

"ခင်ဗျားတို့ ခွန်ပိုင်မျိုးတွေက မယုံရဘူးဗျ"

"ကျုပ်က ခွန်ပိုင်အစစ် မဟုတ်တော့ပါဘူး။ ကပြားပါ"

စိုင်းသီဟက ဘာမှ ဆက်မပြောဘဲ တွေနေ၏။ သူသည် အရပ်မြင့်ပြီး ထွားကျိုင်းသော လူငယ်တစ်ဦးဖြစ်၏။ ရှမ်းစစ်စစ်မို့ အသားက ဖြူဝင်းနေသည်။ ထူထဲနက်မှောင်သော ဆံပင်များ မည်းနက်ပိုင်းစက်၍ တောက်ပသော မျက်လုံးများနှင့် လူချောလူခန့်တစ်ယောက် ဖြစ်ပေသည်။

မောင်မြတ်ကျော်က ဤလူငယ်အား ချစ်စနိုးဖြင့် ပခုံးပုတ်၍...

"ပြောစမ်းပါဦး။ ဒီမှာ သေနတ်တစ်လက်၊ မှန်ပြောင်းတစ်ခုနဲ့ ဘာကို ချောင်းနေတာလဲ။ ဘယ်သူ့ကို ကြည့်နေတာလဲ"

"ခင်ဗျား မသိဘူးလားဗျ"

"ဘယ်သိမလဲကွ"

"ဒါဖြင့် မသိတဲ့အတိုင်းနေပေါ့။ အဲတာ အေးပါတယ်"

"ဦးရီးတော်သိရင် အေးမယ်မဟုတ်ဘူး"

"ခင်ဗျား ဦးရီးတော် ကျုပ်က ဂရုစိုက်လို့"

"မစိုက်ပါနဲ့ဗျာ။ မစိုက်ပါနဲ့။ ဒါပေမဲ့ ညီငယ်ရယ် မင်း မသိသေးရင် ပြောရဦးမယ်။ အသီးလို အပင်ကို ချိုင်ရမယ်။ သမီး လိုချင်ရင် ယောက္ခမ လောင်းကို ကဏ္ဍာကောစလုပ်နေလို့ အကျိုးမရှိနိုင်ပါဘူးကွ"

စိုင်းသီဟ မောင်မြတ်ကျော်ကို သင်္ကာမကင်းဟန်နှင့် စိုက်ကြည့်၍...

"ခင်ဗျားက ကျုပ်ကို ဘာကြောင့် ဒီလို ပြောနိုင်တာလဲ"

"ငါက မင်းထက် ကြီးပါတယ်ကွာ။ မင့်မျက်နှာရိပ် မျက်နှာကဲ ကြည့်ရင် သိနိုင်တာပေါ့"

"တော်စမ်းပါ"

"မင်းတင် မဟုတ်ပါဘူး။ ငါ့ညီမ သန္တာလဲပဲ"

"ဘာ... သန္တာ ဘာဖြစ်သလဲ"

mgyoe.com

mgyoe.com

ယင်းကိုတော့ အလောတကြီး မေးလေရာ မောင်မြတ်ကျော်က ခပ်အေးအေးပင်...

"အပျိုပေါက်၊ လူပျိုပေါက် မင်းတို့အရွယ်လေးတွေဟာ ချစ်စိတ်ဝင်လာပြီဆိုရင် တယ်ပြီး သိသာတာပဲကွ။ လူအမူအရာ ပြောဟန်၊ ဆိုဟန်က ခြားနားလာတာပဲ"

"ဒါနဲ့ ကျွန်တော်တို့ နှစ်ယောက်နဲ့ ဘာဆိုင်လဲ"

"ဆိုင်ပြီလား။ ဒီအနီးပတ်ဝန်းကျင်မှာ မင်းက ချစ်စရာ မိန်းကလေးဆိုလို့ သန္တာပဲ ရှိတယ်။ သန္တာ ကြိုက်စရာ ယောကျ်ားလေးဆိုလို့ မင်းပဲရှိတာပဲ"

သည်တော့မှ စိုင်းသီဟ မငြင်းတော့ဘဲ...

"ဟုတ်တယ်ဗျာ။ ကျွန်တော်တို့နှစ်ယောက် ချစ်နေကြတယ် ဒါပေမဲ့..."

မောင်မြတ်ကျော်က စိုင်းသီဟ ခေါင်းကိုပွတ်၍...

"စိတ်မပျက်ပါနဲ့ကွာ။ အချစ်စစ်၊ အချစ်မှန်ဆိုတာ ဒီလိုပဲ ဖြောင့်ဖြူးခဲသတဲ့"

"ခင်ဗျား ဦးရီးတော် ဝင်မရှုပ်ရင် ဖြောင့်ဖြူးပါတယ်ဗျာ"

"ဒါပေမဲ့ ရာဇဝင်က ရှိခဲ့တယ် မဟုတ်လားကွာ။ သန္တာကကော ဒီအကြောင်းတွေ သူ့အဖေကို ပြောပြီးပြီတဲ့လား"

"မပြောရဲဘူးတဲ့။ ကျိုင်းတုံက သူ့ကြီးတော်ဆီ ပို့ပစ်မှာ စိုးတယ်တဲ့"

"ဒါဖြင့် မင်းကိုယ်တိုင်က သွားပြီး ပြောပါလားကွ"

"ဒီတော့ ခင်ဗျား ဦးရီးတော်က ကျွန်တော့်ကို လက်ခံမှာတဲ့လား"

"ဒါတော့လည်း ငါမပြောနိုင်သေးဘူး။ သန္တာနဲ့ မင်းနဲ့ အခုလက်ရှိ အခြေအနေက ဘယ်လိုလဲ"

စိုင်းသီဟ မသင်္ကာဟန်နှင့် ပြန်ကြည့်ပြီး...

"ခင်ဗျားက စပ်စုလှချည်လား။ ဧကန္တ ခင်ဗျားဦးရီးတော်က လွှတ်လိုက်တဲ့ သူလျှိုထင်ပါရဲ့"

"မဟုတ်ပါဘူးကွာ။ ငါက ဒီခွန်ပိုင်မျိုးနဲ့ ခွန်နိုင်မျိုး သင့်မြတ်စေချင်

mgyoe.com

mgyoe.com


တဲ့ကောင်ပါ။ ငါက ရန်ကုန်မှာ အေးအေးဆေးဆေးနေတဲ့ ကောင်ပါ"

"ဒါဖြင့် အကြောင်းရှိရင် ကျွန်တော်တို့နှစ်ယောက်ကို ကူညီမယ် ပေါ့"

"ငါ ကတိပေးပါတယ်ကွာ"

"ဒါဖြင့် ကျွန်တော် ပြောပြမယ်၊ သူနဲ့ ကျွန်တော်နဲ့ ဒီတောင်ပေါ်မှာ တွေ့ဖို့ လွန်ခဲ့တဲ့ ၃ ရက်လောက်ကတည်းက ချိန်းထားတာ"

"နို့... သန္တာ မလာဘူးလား"

"မလာလို့ ကျွန်တော် တစ်ယောက်တည်း ဒီမှာ ခင်ဗျားတွေ့နေရ တာပေါ့ဗျ"

"တစ်ခု ရှိတယ်ကွ။ အခု သူတို့အိမ်မှာ ဧည့်သည်တွေ ရောက်နေ တယ်"

"ခင်ဗျား အပြင်လား။ ဘယ်က ဧည့်သည်တွေလဲ။ ဘယ်သူတွေ လဲ"

"ရန်ကုန်က မိုင်းသူဌေးရယ်၊ သူ့သမီးရယ်၊ သူတို့မိတ်ဆွေ တစ်ယောက်ရယ်၊ ပေါင်း သုံးယောက်၊ ဒီမှာ တော်တော်ကြာနေကြမယ် ပြောတာပဲ"

"ဒါဖြင့် သန္တာက ဒီအကြောင်း ကျွန်တော့်ကို ဘာလို့ ကြိုမပြော ထားလဲ"

"ပြောခွင့်မရလို့ နေမှာပေါ့ကွ"

"မဟုတ်ပါဘူး။ ကျွန်တော် မသိစေချင်လို့ နေမှာပါ"

"ဟ... ဘာကြောင့် မင်းကို မသိစေချင်ရမှာလဲ"

"မိန်းမဆိုတာ နည်းနည်းမှ ယုံရတာမဟုတ်ဘူး။ ငါးစိမ်းမြင် ငါးကင်..."

"အလို... မင်းဟာက ဘာအဓိပ္ပာယ်လဲ။ ရှင်းရှင်း ပြောစမ်းပါဦး"

"ခင်ဗျားကလည်း တယ်အသေးတာကိုး။ ရန်ကုန်ကလာတဲ့ ဧည့်သည်တွေထဲမှာ ယောကျ်ားပါတယ် မဟုတ်လား"

"အေးလေ။ ဖအေကြီးရယ်၊ သမီးရယ်၊ သူ့မိတ်ဆွေတစ်ယောက်ရယ်"

mgyoe.com

mgyoe.com


"အဲဒီလူက ချောတယ်မဟုတ်လား။ သူ့နာမည်က ဘယ်သူတဲ့လဲ"

"အမယ်လေး... ချောတော့ မချောရှာပါဘူး။ အေး... ပိုက်ဆံတော့ ချမ်းသာသတဲ့ကွ။ သူ့နာမည်က ကိုသာမိုးတဲ့"

စိုင်းသီဟ သူ့သေနတ်ဒင်ကို လက်ဝါးနှင့် ဖျန်းခနဲ ရိုက်လိုက်ပြီး...

"အဲဒါပေါ့ဗျ။ မိန်းမဆိုတာ ပိုက်ဆံလည်း မက်တာပဲ"

"ဒါဖြင့် မင်းစိတ်ထင်က သန္တာဟာ ဒီလူကို ကျနေလို့ မင်းဆီချိန်းတဲ့အတိုင်း မလာဘူး။ ဒီလိုလား"

"ဖြစ်နိုင်တယ် မဟုတ်လား"

မောင်မြတ်ကျော်သည် မျက်မှောင်ကြုတ်ကာ စဉ်းစားဟန်ပြုလျက်...

"အင်း... ဖြစ်နိုင်စရာတော့ အကြောင်းရှိပါတယ်"

ဟု သွေးတိုးစမ်းလိုက်ရာ စိုင်းသီဟသည် ကျားနာကို တုတ်နှင့်ထိုးလိုက်သကဲ့သို့ ဒေါသတကြီး အော်ဟစ်ကာ ထိုင်ရာမှ ခုန်၍ထလိုက်လေ၏။

■

mgyoe.com

mgyoe.com

# [ ၁ ]

စံအိမ်တော်တွင် ရိုးရိုးတန်းတန်း အိမ်သားချည်းဆိုလျှင် ထမင်းဟင်းမှာ အဘွားကြီးအိန့် ချက်ကျွေးသရွေ့သာ ချေးမများဘဲ စားကြရသည်။ အကယ်၍ သူ ချက်ပြုတ်ကျွေးမွေးသည်ကို အနည်းငယ် ဝေဖန်လျှင်ပင် အလွန်စိတ်ကောက်တတ်၍ နှစ်ရက်၊ သုံးရက်လောက် ဘာမှ မချက်ပြုတ်တော့ဘဲ စိတ်ကောက်နေတတ်၏။ ထို့ကြောင့် ဧည့်ကောင်းစောင်ကောင်းလာ၍ ဟင်းကောင်းကျွေးကောင်း ချက်ရလျှင် သန္တာ ကိုယ်တိုင်ဝင်၍ လှလှပပ၊ သန့်သန့်ရှင်းရှင်း၊ ကောင်းကောင်းမွန်မွန်၊ ဖွယ်ဖွယ်ရာရာဖြစ်အောင် စီမံရသည်။

အိမ်တော်၏ ဝင်းခြံထဲတွင် သူ့တဲကလေးနှင့် သူနေသော အိုက်ပန်းသည် သစ်ပင်ပန်းမန်တို့ကို ပြုစုစောင့်ရှောက်ရသော မာလီလည်း ဖြစ်သည်။ ရေခပ်၊ ထင်းခွဲပြုရသော အလုပ်ကြမ်းသမားလည်း ဖြစ်သည်။ နယ်စား၏ ကိုယ်ရံတော် သက်တော်စောင့် သူရဲကောင်းလည်း ဖြစ်သည်။ စော်ဘွားကြီး ပေးသနားတော်မူသော ၁၉၃၀ ပြည့်နှစ် နံပါတ်တပ် ဦးခွန်ပိုင်၏ ဖို့ဒ်ကားကလေးကို မောင်းနှင်ရသော ဒရိုင်ဘာလည်း ဖြစ်သည်။ သူတို့မျိုးရိုးသည် ဘိုးစဉ်ဘောင်ဆက်က ဤစံအိမ်တော်၌ နေထိုင်ကြီးပြင်းခဲ့ကြ၍ ခွန်ပိုင်မျိုး

mgyoe.com

mgyoe.com


အတွက် အလွန် သစ္စာစောင့်သိ ရှိသေကြသောသူများဖြစ်လျက် ဦးခွန်ပိုင် ထမင်းစားမည်ဆိုလျှင် သူ အရင်မြည်းကြည့်ပြီးမှ သူကိုယ်တိုင် ပြင်ဆင် ကျွေးမွေးသည်။ သူ့ချို့ယွင်းချက်တစ်ခုမှာ ဟင်းခွက်များကို ဖင်ကမ၍ မကိုင်တတ်။ ပန်းကန်နှုတ်ခမ်းကို လက်မနှင့် ညှပ်၍သာ ကိုင်တတ်သဖြင့် သူ့လက်မကြီးသည် ဟင်းခွက်ထဲ နစ်နေလေ၏။ ပြီးလျှင် ဟင်းရည်များစို နေသော လက်မကို သူ့ဘောင်းဘီနှင့် သုတ်၏။ ဒါကို မနှစ်မြို့၍ သန္တာတို့ မောင်နှမက ပြင်ဆင်လျှင် ဦးခွန်ပိုင်က...

"မပြောပါနဲ့ကွယ်။ သူတတ်သလို လုပ်ပါစေ။ ဘဘကတော့ ဒါကို ရိုးနေပြီမို့၊ တစ်ခါတလေ အိုက်ပန်းမရှိရင် သူ့လက်မ ငါ့ဟင်းခွက်ထဲ မရောက်တဲ့အတွက် စားရတာ ပေါ့ပျက်ပျက်နေတယ်လို့တောင် အောက်မေ့ သကွယ့်"

နောက်တစ်ခုက အိုက်ပန်း၏ ပါးသိုင်းမွေး မည်းထူထူကြီး၊ ဒီ မုတ်ဆိတ်ကြီးကို သူ အလွန်မြတ်နိုးသည်။ အားအားရှိ ဝါးဘီးကလေးနှင့် တသပ်သပ်နေလေ့ရှိသည်။ သူ့အရပ်ရှည် ကိုင်းကိုင်းကြီးနှင့်တော့ ကြည့်၍ ကောင်းသလိုပင်။ မကောင်းဘူးပြောလည်း သူကတော့ ဂရုစိုက်မည် မဟုတ်။

ယနေ့မနက် ထမင်းပွဲတွင် သူသည် အမျိုးသားဝတ်စုံနှင့် စားပွဲ ထိုးလုပ်နေ၏။ ဦးရွှေဒိုးမှာ သူ့ခန္ဓာကိုယ်နှင့်အလိုက် အလွန်အစားကောင်း သူဖြစ်၏။ သူ့ပန်းကန်ထဲတွင် ထည့်ပေးသမျှ ထမင်းတို့သည် ပြိုက်ခနဲ ပြိုက်ခနဲ သူ့ဗိုက်ထဲ လျှောဆင်းကုန်၏။ ဟင်းများကိုလည်း ပန်းကန်ထဲ တစ်ဇွန်းပြီးတစ်ဇွန်း စုပုံထည့်ကာ နယ်ကာဖတ်ကာ အားရပါးရ စားသည်။ မြသီတာကလည်း ဖအေ့သမီးပီပီ တော်တော်စားနိုင်သည်။ စေး၍မွှေးသော ရှမ်းဆန်ကို သူ အလွန်ခံတွင်းတွေ့သည်ဟု ပြောကာ မြိန်မြိန်ရှက်ရှက် စားသည်။ မောင်သာမိုးကတော့ ဟိုသင်းစပ်စပ်၊ ဒီသင်းစပ်စပ်လုပ်၍ ပဲပုပ် အကြောင်းကို စုံစမ်းသည်။ ဆူးပုပ်နှင့် အီကုတ်ကြော်ဆိုသည်ကို အီကုတ်က ဘာလဲဟု မေးသည်။ သူက မှတ်စုရေးဖို့ပဲ စိတ်ကူး၍ ဦးရွှေဒိုးတို့ သားအဖ လောက် ဟက်ဟက်ပက်ပက် မစားပေ။

mgyoe.com

mgyoe.com

ထိုပြင် သူသည် တစ်စုံတစ်ခုကိုကြည့်လျှင် အပြစ်မြင်တတ်သည်။ ပြောစရာတွေ့တတ်သည်မို့ ဦးခွန်ပိုင်နောက်၌ ရပ်နေသော အိုက်ပန်းကို ပစ်မှတ်တွေ့ကာ သူ့နံဘေးက မောင်မြတ်ကျော်အား...

"ဟိုလူကြီး မုတ်ဆိတ်မွေးတွေကလည်း ကြမ်းလိုက်တာ။ ဝက်မွေးတွေ ကျနေတာပဲ"

ဟာသဉာဏ်ရှိသော မောင်မြတ်ကျော်က...

"ဒါက သူတို့မျိုးရိုး အမှတ်တံဆိပ်ဗျ။ သူ့အဖေ မုတ်ဆိတ်ဆိုရင် ဒီထက် ကြမ်းသေးတယ်။ ဆင်မွေးလို့ ခင်ဗျား ပြောမှာပဲ"

"နို့ပြီး... ပါးသိုင်းမွေးတွေက ရှည်ပါ့ဗျာ"

"ရှည်ဆို အိုက်ပန်းက ဒီမုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေကို သူ ကကြီး၊ ခကွေး သင်တုန်းကတည်းက ထားတာတဲ့ဗျ"

"သြော်... ကကြီး၊ ခကွေးသင်တဲ့ သူငယ်တန်းတုန်းကတည်းက မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးထားကြတာလည်း ဒါ ရှမ်းထုံးစံပဲတဲ့လားဗျ"

ဟု မောင်မြတ်ကျော်ကို တွယ်လေရာ သူ့ထက်လျင်သော မြတ်ကျော်က...

"ခင်ဗျားက အိုက်ပန်း ကကြီး၊ ခကွေးသင်တော့ ဘယ်အရွယ်ရောက်ပြီ မှတ်လို့လဲ။ အသက် ၅၀ လောက်မှာဗျ။ ကြီးမှ စာသင်ရရှာတာ"

ဟား... ဟား... ဟား... ဟား...

သည်စကား အားလုံး ပွဲကျသွားတော့ မောင်သာမိုး ရှက်သွားကာ...

"ခင်ဗျားပြောလိုက်ရင် ခွချည်းပဲ"

"အလို... ဒါ ခွလားဗျာ။ ကျွန်တော် မှန်တာပြောတာပဲ။ မယုံ အိုက်ပန်း မေးကြည့်ပါ"

"ဟုတ်သလား အိုက်ပန်း"

မောင်သာမိုးက အထက်စီးလေသံနှင့် မေးလိုက်ရာ အိုက်ပန်းက ဣန္ဒြေရရပင်...

"မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော့်ကို ဆရာလေးမြတ်ကျော်က တမင် နှိမ်ပြောခြင်းပါ"

mgyoe.com


မောင်သာမိုး ဝမ်းသာသွားကာ...

"အား... ဒါဖြင့် ကိုမြတ်ကျော်ပြောတာ မဟုတ်ဘူးပေါ့"

"ကျွန်တော် အသက် ၅၀ လောက်မှ ကကြိုး၊ ခကွေးသင်ရတယ်ဆိုတာ မဟုတ်ပါဘူး ခင်ဗျ"

"နို့... ဘယ်အရွယ်ကတည်းက သင်ခဲ့ရသတုန်း"

"ကျွန်တော် ကျောင်းစတက်တော့ ၄၉ နှစ်နဲ့ တစ်လပဲ ရှိသေးတယ် ခင်ဗျ"

အိုက်ပန်းလည်း ရှမ်းလူလည်ပဲ။

လူများ ပို၍ ပွဲကျသွားလေရာ မောင်သာမိုး မျက်နှာမထားတတ်အောင် ရှိတော့သဖြင့် အားလုံး ရယ်မောပြီးသည့်၌ ဦးခွန်ပိုင်က ချောင်းတစ်ချက် ဟန့်လိုက်ကာ မြသီတာဘက်လှည့်ပြီး...

"ဒါနဲ့ မောင်မြတ်ကျော်က တူမကြီးကို တစ်အိမ်လုံးနှံ့အောင် လျှောက်ပြပြီးပြီ ပြောတယ်။ ဘယ့်နှယ် စိတ်ဝင်စားစရာများကော တွေ့ရဲ့လားကွယ့်။ ဒီစံအိမ်တော်ကြီးအပေါ် ဘယ်လို ထင်မြင်သဘောရသလဲ ဦးရီးတော်ကို ပြောစမ်းပါဦးကွယ့်"

"သီတာတော့ အတော်သဘောကျပါတယ် ရှင့်။ ရန်ကုန်မှာ ချင်းချောင်းနန်းတော်ဆိုတာ သီတာ ရောက်ဖူးပါတယ်။ တရုတ်ကြွေရည်သုတ်ဆေးဆိုးပန်းရိုက်တွေနဲ့ တန်ဆာဆင်ထားလို့ လှတော့ အင်မတန်လှပါတယ်။ ဒါပေမဲ့ ဒီစံအိမ်တော်ကြီးကတော့ ကျောက်တုံးကျောက်သားတွေကို ထွင်းထုထားတာမို့ ပိုမို ခံ့ညားခိုင်မာပါတယ်။ သဘာဝပစ္စည်းအလှအပလို့လည်း ဆိုနိုင်ပါတယ်"

"ဟုတ်တယ်ကွယ့်၊ နောက်ပြီး ဒီစံအိမ်တော်ကြီးကလည်း ဦးရီးတော်တို့ နယ်တစ်ဝိုက်မှာ သမိုင်းရာဇဝင်ကြောင်း တောက်ပြောင်ခဲ့ပေတာပဲ"

"ဟုတ်ကဲ့၊ ကိုမြတ်ကျော်လည်း သီတာ့ကို အခန်းစေ့ အတ္တုပ္ပတ္တိတွေ ပြောပြပါတယ်။ တော်တော်လည်း စိတ်ဝင်စားပြီး နားထောင်လို့ ကောင်းပါတယ်"

mgyoe.com

"အဲဒီအထဲက တူမကြီး ဘယ်အကြောင်းကို စိတ်အဝင်စားဆုံးလဲ"

"ဟို... တစ္ဆေခြောက်တယ်ဆိုတဲ့ အခန်းဟာလေ"

ဤတွင် မောင်သာမိုးက ခေါင်းငေါက်ခနဲ ထောင်ကာ...

"ဘာ... တစ္ဆေခြောက်တယ် ဟုတ်လား။ ကျွန်တော်တော့ တစ္ဆေရှိတယ်ဆိုတာ မယုံဘူး။ ဘယ်လို ခြောက်သလဲ ပြောစမ်းပါဦး။ မယုံသော်လည်း အပျင်းပြေပေါ့"

ဦးခွန်ပိုင်သည် မောင်မြတ်ကျော်ကို အားကိုးတကြီး လှမ်းကြည့်လိုက်ပြီး...

"တူတော်မောင်ပဲ ပြောပြလိုက်ပါကွယ်။ ဦးရီးတော်အနေနဲ့က မင်းလောက် ရေရေလည်လည် မပြောတတ်ဘူး"

ဟုဆိုကာ ဧည့်သည်များဘက်သို့ လှည့်ကာ...

"သိတာနဲ့ ပြောတတ်တာနဲ့က တခြား။ ဒီလိုခင်ဗျ ကျုပ်တူကတော့ စကားတတ်ရှေ့နေ အမိန့်တော်ရလားခင်ဗျ။ ပြောတတ်ပါတယ်"

ဟု အမွှမ်းတင်လိုက်၍ မောင်မြတ်ကျော်က အောက်ပါအတိုင်း ပြောပြပါ၏။

"ဒီတစ္ဆေရဲ့ သမိုင်းဖြစ်စဉ်ကတော့ ရိုးရိုးလေးပါပဲ။ ကျွန်တော်တို့ ဒီကမြင်ရတဲ့ တောင်တန်းဟာ နယ်နိမိတ်ပါပဲ။ တောင်တန်းရဲ့ ဟိုဘက်မှာ ခွန်နိုင်ဆိုတဲ့ အမျိုးတွေပိုင်တဲ့ နယ်ရှိတယ်။ ထူးခြားတာက ဒီခွန်နိုင်နဲ့ ခွန်ပိုင်ဟာ အမည်ချင်းဆင်တူတာက လွဲလို့ ဆွေစဉ်မျိုးဆက် ဘယ်တော့မှ မတည့်ခဲ့ကြဘူး။ ကျွန်တော်တို့မျိုးထဲမှာ ပထမဦးဆုံး ဒီနယ်စားဖြစ်တဲ့ လူနာမည်က ခွန်ပိုင်တဲ့။ ဒါကြောင့် အစဉ်အတိုင်း ပင်ကိုနာမည်က ဘာပဲဖြစ်ဖြစ် နယ်စားဖြစ်လာရင် ခွန်ပိုင်လို့ပဲ ရှေးစဉ်ဆက်မျိုးရိုးကို ဂုဏ်ပြုတဲ့အနေနဲ့ ခေါ်ကြပါတယ်။ ဟိုဘက်နယ်ကလည်း ဒီလိုပဲ ခွန်နိုင်အမည်ကို မပြတ်သုံးစွဲခဲ့ကြတယ်။ ဒီလိုနဲ့ ကျွန်တော်တို့အဘိုးရဲ့ လက်ထက်မှာပေါ့။ သားသမီးလေးယောက် ထွန်းကားတယ်။ သားသုံးယောက်၊ သမီးတစ်ယောက်။ အဲဒီသမီးလေး နာမည်က စောမြသန္တာတဲ့။ အခု ဦးရီးတော့်သမီး နာမည်ပေါ့။ နယ်စားကြီးရော အစ်ကိုသုံးယောက်ပါ ဒီကလေးမကို သိပ်ချစ်ကြတယ်။

mgyoe.com

mgyoe.com

အရိပ်တကြည့်ကြည့်နဲ့ နေကြတယ်။ ဒါနဲ့ အကြောင်းက ဖြစ်ချင်လာတော့ မြို့ပေါ်က စော်ဘွားကြီးရဲ့ ဘုရားပွဲတော်မှာ နယ်စားတွေ၊ သားသမီး ဆွေရှံ သင်းပင်းတွေနဲ့ အားလုံးတက်ကြတော့ အဲဒီပွဲတော်မှာ ကျွန်တော်တို့ဘက်က စောမြသန္တာနဲ့ ဟိုဘက်နယ်စားမှာ သားသမီးခြောက်ယောက်အနက် အငယ်ဆုံးဖြစ်တဲ့ စိုင်းသီဟတို့ဟာ ပွဲတော်မှာ တွေ့ကြပြီး သူတို့ချင်း ချစ်ကြိုက်သွားကြသဗျ။ အဲဒီကစပြီး ကိုယ့်အရပ်၊ ကိုယ့်ဒေသပြန်ရောက် တဲ့အခါမှာ သူတို့ချင်းဟာ တောထဲတောင်ထဲ မကြာခဏ ချိန်းချိန်းတွေ့ကြ တယ်။ အဲဒါကို နောက်လူကြီးများက သိသွားတော့ မိန်းကလေးဘက်က အစ်ကိုတွေက သူတို့နှမကို အိမ်အပေါ်ဆုံးထပ်မှာ ပိတ်ပြီး ဒဏ်ခတ်ထား လိုက်တယ်။ အဲဒီအခန်းဟာ အခု ကျွန်တော့်ညီမ သန္တာနေတဲ့အခန်းပေါ့။ ဒီအိမ်ပုံစံက လက်ဖက်ရည်ကရားနဲ့ ဆင်တယ် မဟုတ်လား။ သန္တာ့အခန်းက အိမ်ကြီးက စွန်းထွက်နေတဲ့ တစ်ပင်တိုင် အဆောင်ပေါ့ဗျာ။ ကရားနှုတ်သီးနဲ့ တူတဲ့ ကျောက်ဆောင်စွန်းပေါ်မှာ ရှိနေတယ်။ ဒီအခန်းက ရှေ့ဘက် ပြတင်းပေါက်ဟာ တောင်ဘက်က ထိုးထွက်နေတဲ့ ကျောက်တောင်ထိပ်နဲ့ သုံးပေလောက်ပဲကွာတယ်။ ဒီလို စောမြသန္တာကို အကျဉ်းချထားမှန်းသိတော့ စိုင်းသီဟဟာ အတွင်းလူယုံတစ်ယောက်ရဲ့ အကူအညီနဲ့ သန္တာကို ခိုးဖို့ လပြည့်ညတစ်ညမှာ ကျောက်တောင်ထိပ်ကနေ ကြိုးတစ်ချောင်း သံချိတ် တစ်ခုနဲ့ ခဲခဲယဉ်းယဉ်း သန္တာ့အခန်းကိုရောက်အောင်လာရင်း တောင်ထိပ်က ပြုတ်ကျပြီး သီဟ ခမျာမှာ သေရှာပါတယ်။ အဲဒီကအစ လသာတဲ့ညတွေမှာ သီဟဟာ သူ့ချစ်သူကို ဖွဲ့လမ်းတဲ့စိတ်နဲ့ တစ္ဆေဖြစ်ပြီး အိမ်အပေါ်ဆုံးထပ် လသာဆောင်မှာ ဟိုဟိုဒီဒီ ချစ်သူကို ရှာနေဟန် တွေ့ကြရတယ်တဲ့။ ဒါပါပဲ ခင်ဗျ။ တစ္ဆေရာဇဝင်က..."

မောင်သာမိုးက လိုက်ရေးနေသော သူ့မှတ်စုစာအုပ်ကို ပိတ်လိုက် ပြီး...

"ခင်ဗျားတို့ကော ဒီတစ္ဆေ တွေ့ဖူးကြသလား"

မောင်မြတ်ကျော်က...

"ကျွန်တော်တော့ မတွေ့ဖူးပါဘူး ခင်ဗျာ"

mgyoe.com

mgyoe.com


"ဒီအခန်းမှာနေတဲ့ သန္တာကော"

"ကျွန်မလည်း တစ်ခါမှ မမြင်ဖူးပါဘူး ရှင်"

ဤတွင် ဦးရွှေဒိုးက...

"ဒါဖြင့် ခုနယ် ဟိုဘက်ဒီဘက် လူငယ်များ မေတ္တာသက်ဝင်လို့ စုံမက်ကြမယ်ဆိုရင် နယ်စားက နှောင်တော့်နှောင်တော်များ လမ်းစဉ်များ အတိုင်း ကန့်ကွက်ဦးမှာပဲလား"

အမှတ်မထင် မေးလိုက်သောစကားကြောင့် ဦးခွန်ပိုင်မျက်နှာ ရဲခနဲဖြစ်သွားပြီး စိတ်နှင့်မာန်နှင့်...

"ဒါကိုတော့ ကျုပ်အသက်နဲ့လဲပြီး ကာကွယ်မှာပဲဗျ"

မြတ်ကျော်က သူ့ဦးရိုးတော်အား...

"အရင်စံအိမ်တော်ကြီး မီးရှို့ခံရတဲ့အကြောင်း ပြောလိုက်ပါလားဗျ"

"အို... ဒါတွေ အခြောက် ရေပြန်မနူးချင်တော့ပါဘူးကွာ။ ဧည့်သည်တွေလည်း စိတ်ဝင်စားကြမယ် မဟုတ်ပါဘူး"

ဤတွင် စပ်စုချင်သော မောင်သာမိုးက သူ့ကိုယ်ကို ရှေ့တိုးလိုက်ပြီး...

"ပြောပါဗျာ။ ကျွန်တော် နားထောင်ချင်ပါတယ်။ တစ်အိမ်လုံး ပြာကျရောလား"

"တစ်အိမ်လုံးတော့ မဟုတ်ပါဘူး။ အဲဒီတုန်းက အပေါ်ထပ်က သစ်သားနဲ့မို့ အပေါ်ထပ်ပဲ လောင်ပါတယ်"

"ဒီဘက်က ခုခံမတိုက်ကြဘူးလား"

"အလစ်မို့ ခံလိုက်ရတာပေါ့ဗျ။ အဲဒီတုန်းက ယောကျ်ားတွေက မြို့ပေါ်မှာ တော်ဘုရားကြီးလုပ်တဲ့အလှူကို သွားနေကြတယ်။ အိမ်မှာ သက်ကြီးရွယ်အိုတွေပဲ ကျန်တယ်။ ကျုပ်တို့ အမျိုးထဲက အဘွားကြီး တစ်ယောက် သေသွားရှာတယ်"

"အဘွားကြီးက ဘာလို့ သေသွားတာလဲ"

"သင်းတို့က စိန်၊ ရွှေ၊ ရတနာတွေ လိုချင်လို့ ပထမတော့ စားပြဝင်တိုက်ကြတယ် ထင်တာပဲ။ ပစ္စည်းတောင်းမရတော့ အိမ်ကို မီးရှို့ကြ

mgyoe.com

mgyoe.com


လိမ့်မယ်။ နောက် အဘွားကြီးကို ရတနာတွေထားတဲ့ နေရာပြခိုင်းမယ်။ မပြရင် သတ်မယ်ဆိုတော့ အဘွားကြီးက သင်းတို့အမျိုး လက်ထဲတော့ ငါ့ဘိုးစဉ်ဘောင်စဉ်ဆက်က အမွေအနှစ်တွေ အရောက်မခံဘူးဆိုပြီး အသက်အသေခံလိုက်တယ်"

မောင်သာမိုး...

"ဒါဖြင့် ဒီပစ္စည်းတွေ သူတို့မရသွားကြဘူးပေါ့"

"သူတို့တွင် မဟုတ်ဘူး။ ကျုပ်တို့လည်း မရကြတော့ဘူး။ ဘာကြောင့်လဲဆို ဒီပစ္စည်းတွေ ဝှက်တဲ့နေရာကို ဒီအဘွားကြီးတစ်ဦးတည်း သိတာကိုး"

"မီးထဲကော ပါမသွားဘူးလား"

မောင်သာမိုး၏ စိတ်ဝင်စားလာမှုကို အကဲခတ်မိသော မောင်မြတ်ကျော်က...

"မီးထဲတော့ မပါဘူး။ မီးငြိမ်းတော့ သေသေချာချာ ရှာကြ၊ ဖွေကြသေးတာပဲ။ ရတနာတွေထည့်ထားတဲ့ သေတ္တာမီးလောင်တောင်မှ ရွှေတွေအရည်ပျော်ပြီး အတုံးအခဲ ဖြစ်နေတာ တွေ့ရမှာပေါ့။ ခုတော့ ဘာဆို ဘာမှ မတွေ့ရဘူး"

"ခွန်နိုင့်လူတွေလက်ထဲ ပါသွားရင်ကော"

"ဒါလည်း သူတို့ ရမသွားတာ သေချာတယ်။ ဘာကြောင့်လဲဆိုတော့ အိမ်မီးရှို့ပြီးနောက် သူတို့ဘက်က အသံထွက်လာတယ်။ ခွန်ပိုင့်အမျိုးတွေ ပစ္စည်းရှိတယ်ဆိုတာလေပဲ။ ရွှေတော့ မရှိဘူးတဲ့။ ကျွန်တော့်စိတ်ထင်တော့ ရတနာတွေကို လူများနေတဲ့ အိမ်အပေါ်ထပ်မှာ မထားဘူး။ လူနဲ့သူနဲ့ ကင်းဝေးရာ မြေတိုက်ခန်းတစ်ခုခုထဲ မြှုပ်ထားလိမ့်မယ် ထင်တယ်"

"ဒါဖြင့် ခင်ဗျားတို့ ဘာလို့ မရှာကြသလဲ"

မောင်သာမိုး အမေးကို မြတ်ကျော်က ပြုံးမဲ့မဲ့ဖြင့်...

"အောင်မယ်လေး... ဘယ်နေကြလိမ့်မလဲဗျာ။ ရှာကြတာပေါ့။ ခေတ်အဆက်ဆက် ဒီအိမ်တော်ကြီးကို ပိုင်သူဆိုင်သူတွေက ရှာလိုက်ကြတာပဲ။ မခံစားထိုက်လို့ပဲလား။ ခုထက်ထိတော့ မတွေ့သေးဘူး"

mgyoe.com

mgyoe.com


"ဒီရတနာတွေက ဘာတွေလဲဗျ"

ဦးခွန်ပိုင်က...

"ရွှေနဲ့လုပ်ထားတဲ့ စိန်ထည်၊ ပတ္တမြားထည်၊ မြ၊ နီလာ စသည်ဖြင့် ရတနာမျိုးစုံပေါ့ဗျာ။ ကျုပ်တို့လက်ထက်မှာ ဆင်းရဲနေကြပေမယ့် ရှေးကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက်ကတော့ ချမ်းသာခဲ့ကြသဗျ"

"ဒါဖြင့် ဒီရတနာတွေ ခု ပြန်တွေ့ရင် ဟန်ပေါ့"

"ဟန်ဆို အရင်ခေတ်က ငွေ သိန်း ၃၀ ဖိုးလောက်ဆိုတော့ ခုခေတ်ငွေနဲ့ တွက်ကြည့်ပေတော့ဗျာ"

မောင်သာမိုး အံ့အားသင့်သွားဟန်ဖြင့်...

"အောင်မယ်လေး... မနည်းပါလား"

မောင်မြတ်ကျော် မောင်သာမိုး အမူအရာကြည့်ပြီး...

"ခင်ဗျားကြည့်ရတာ ဒီရတနာတွေအကြောင်း တော်တော် စိတ်ဝင်စားဟန်တူတယ်"

"ဟုတ်ပ။ ဒါ သူ့အကျင့်ပဲ။ ရတနာတွေမှ မဟုတ်ဘူး။ ဘာမဆို သူက ရှေးဟောင်းပစ္စည်းဆိုရင် စူးစမ်းလိုစိတ်ရှိတယ်။ လက်တွေ့ အကောင်အထည်ဖော်တတ်တယ်။ ဒီလောက်များပြားတဲ့ ရတနာတွေကို ခင်ဗျားတို့ ပစ်စလက်ခတ်ထားတာ သူ့ပါးစပ်က ဖွင့်မပြောပေမယ်လို့ အသည်းထဲက ယားနေမှာပဲ ဟုတ်တယ်မဟုတ်လား မောင်ဿာမိုး"

ဦးရွှေဒိုးက သူ့သမက်လောင်းဘက်မှ ဝုံ့ဝုံ့ကြွားကြွား ပြောလိုက်ရာ သာမိုးက ဘဝင်မြင့်သွားဟန်ဖြင့် ဦးခွန်ပိုင်အား သူ့မှတ်စုရေးနေသော ခဲတံဖြင့် ညွှန်လျက်...

"ခင်ဗျားတို့မို့လို့ ကျွန်တော်သာဆို ဒီအိမ်ကြီး တစ်လွှာချင်း ဖြိုချပြီး ရှာမှာပဲဗျာ"

"ဟာ... ဒီလိုလည်း ဘယ်သင့်ပါ့မလဲဗျာ။ သွားလေသူတွေရဲ့ လက်ငုတ်ဖျက်ဆီးပစ်တယ်ဆိုတော့ လူကဲ့ရဲ့စရာ ဖြစ်နေမှာပေါ့"

"အို... ဘယ်သူ ကဲ့ရဲ့ကဲ့ရဲ့ လိုရင်းက ရတနာတွေရဖို့ပဲ"

"အိမ်း... ဟုတ်ပ။ သာမိုးကတော့ လုပ်မယ်လေ။ သူက ပိုက်ဆံ

mgyoe.com

mgyoe.com


ဆိုရင် အဝေးကြီးက အနံ့ရသဗျ။ ရအောင်လည်း ရှာနိုင်တယ်"

ဦးရွှေဒိုးက နယ်စားအား လှမ်းပြောပြန်၏။ ဦးခွန်ပိုင်က...

"ဒီရတနာတွေရအောင် လုပ်နိုင်ရင်လည်း လုပ်ပါဦးဗျာ။ ကျုပ်က ရှာပေးတဲ့လူကို ထိုက်သင့်သလောက် ပေးမှာပါ"

မောင်သာမိုးက စားပွဲကို တင်းတင်းဆုပ်ကိုင်လိုက်ပြီး...

"တကယ်လားဗျ"

"ကျုပ် မုသားမပြောတတ်ပါဘူး။ ရအောင်သာ ရှာပါ။ တစ်ခုတော့ ပြောထားပါပေရဲ့။ ဒီရတနာတွေကို မောင်ရင့်အရင် လူတွေလည်း အများကြီး ရှာခဲ့ကြတယ်နော်။ ရှာကြတာမှ နည်းမျိုးကို စုံနေပြီ။ မောင်ရင်ပြောသလို အိမ်တော်ကြီးကို အုတ်မြစ်လှန်တာကလွဲပြီး ဒါလည်း စိတ်ကူးပေါက်တဲ့လူ ရှိမှာပဲ။ မလုပ်ကောင်းလို့သာပေါ့။ ဒီပြင်နည်းတော့ ကြိုက်သလို ရှာစမ်းပါ။ ကျုပ်တူပြောသလို မြေတိုက်ထဲမှာ ရှိလိမ့်မယ်လို့ ကျုပ်လည်း ထင်တယ်။ ဘာပြုလို့လဲဆိုတော့ ဒီအိမ်ကြီးက မီးလောင်ပြီးမှ အသစ်ပြန်ဆောက်တာ ကိုးဗျ။ ဟုတ်တယ် မဟုတ်လား မောင်မြတ်ကျော်"

"ဟုတ်ပါတယ် ခင်ဗျာ။ ဦးရီးပြောလိုက်ရင် မှန်တာချည်းပဲ"

ဦးခွန်ပိုင်သည် တူတော်မောင်၏ အနှောင့်မလွတ်၊ အသွား မလွတ် စကားကြောင့် အတော်ခံပြင်းသွားပြီး မျက်မှောင်ကုတ်၍ ကြည့်လျက်...

"မင်း ဒီလိုပဲ တစ်သက်လုံး သဘောပေါက်ပါစေကွယ်"

ဤမှ သူတို့ စားပွဲကထ၍ လူစုခွဲလိုက်ကြ၏။ မောင်မြတ်ကျော်က စကားဖြတ်လို၍ ဤသို့ ပြောလိုက်ခြင်းပင်။

* * *

## သူတို့ ချစ်ပြဿနာ

"ဟော့... ကလေးမ"

သန္တာက သူ့အခန်းထဲသို့ ဝင်မည့်ခြေလှမ်းကို တန့်ခနဲ ရပ်လိုက်ကာ သမင်လည်ပြန် လှည့်ကြည့်သည်နှင့် မြတ်ကျော်ကို မြင်ရ၍ နှုတ်ခမ်းစူကာ...

mgyoe.com

mgyoe.com


"ဘယ်သူ့ကို ခေါ်တာလဲ"

"ညည်းကို ခေါ်တာပေါ့အေ့။ ငါ တစ်ယောက်တည်း စကားပြောနေတယ် ထင်လို့လား"

မြတ်ကျော်က သူ့ညီမ လက်မောင်းဆွဲကာ အခန်းထဲဝင်ရင်း...

"ညီမလေးကို ပြောစရာရှိလို့"

သန္တာက သူ့လက်မောင်း ဆောင့်ရုန်းပြီး ဆတ်ခနဲ ခါးထောက်လျက် ဒေါသကလေးဖြင့်...

"သန္တာကလည်း ပြောစရာရှိပါတယ်။ ရတနာတွေရှိတဲ့အကြောင်း ရေလာမြောင်းပေး လုပ်ပေးတာ ဘာသဘောလဲ ကိုကိုကျော်"

"အမယ်လေး... ဦးရီးတော်ကလည်း အစကတည်းက သိပြီးသားပါ"

"နို့... သန္တာကိုတော့ ဒီရတနာတွေ တကယ်မရှိဘူး။ အိုးစုတ်ခွက်စုတ်တွေပဲ ရှိမှာဆို"

"ဟ... ဒါတော့ ဒီလိုပဲ လိုက်လျောညီထွေ လုပ်ရတာပေါ့ကွယ့်။ ဦးရီးတော်က ရတနာတွေ ရှိပါတယ် ပြောနေတာ ကိုကိုကျော်က အိုးစုတ်ခွက်စုတ်တွေပဲ ရှိမယ်ပြောလိုက်တော့ ကိုယ့်ဦးရီးမျက်နှာကို သကြၤန်တွင်းမဟုတ်ဘဲနဲ့ အိုးမည်းသုတ်ရာ ကျမနေဘူးလား"

"ကိုကိုကျော်သာ ဝင်မရှုပ်ရင် ဟိုမြင်းမျက်နှာနဲ့လူက စိတ်ဝင်စားမှာ မဟုတ်ဘူး သိရဲ့လား"

"သန္တာက အဲဒီလူ ကိုယ့်ဘိုးဘွား အမွေအနှစ်ဖြစ်တဲ့ အိုးစုတ်ခွက်စုတ်တွေ တွေ့သွားမှာ စိုးလို့လား"

"အိုးစုတ်ခွက်စုတ်တွေမဟုတ်ဘဲ ရတနာတွေ တွေ့သွားမှဖြင့် ပန်လန်လက်နေကြမှာ"

"ရတနာတွေ မရှိပါဘူးလို့ အစ်ကိုကျော်ပြောရင် ယုံစမ်းပါကွာ"

"ရှိတယ်... ရှိတယ်။ ဘဘကတောင် ပြောနေတာ မကြားဘူးလား"

"ကြားပါတယ်လေ။ သန္တာ့ဘဘအကြောင်း အစ်ကိုကျော် အသိဆုံးပါ။ ဒါ တမင်သက်သက် ထွင်ပြောတာ"

mgyoe.com

mgyoe.com


"ဘာလို့ ထွင်ပြောတာလဲ"

"ဒီအိမ်ကြီးကို ဝယ်ချင်အောင်ပေါ့ဟ။ အ,ပါ့ ရှမ်းမရယ်"

"သန္တာက ဒီအိမ်တော်ကြီးကို မရောင်းစေချင်ဘူး သိရဲ့လား"

"ဘာဖြစ်လို့တုန်း"

"ကိုယ့်မိဘ ဘိုးဘွားလက်ထက်က အဆောက်အအုံကြီးပဲ အစ်ကို့ကျော်ရယ်"

"သန္တာက ဒီအိမ်တော်ကြီးက တခြား မပြောင်းချင်ဘူးပေါ့"

"မပြောင်းချင်ဘူး"

"မပြောင်းချင်တဲ့အကြောင်းက ဘာကြောင့်"

"ကိုကိုကျော်ကလည်း မပြောင်းချင်တာ မပြောင်းချင်လို့ပဲပေါ့"

"ဟဲ... ဟဲ"

မောင်မြတ်ကျော်က ရယ်သွမ်းသွေး၍...

"ဘာကြောင့် မပြောင်းချင်သလဲဆိုတာ အီဖေကိုယ် သိပါတယ်"

သန္တာ့မျက်နှာ ရှက်သွေးလေးဖြာသွားပြီး...

"ကိုကိုကျော် ဘာသိတာလဲ။ ဘာသိတာလဲ"

"ပြောရမလား"

"ပြော"

"ခြသေ့်ကို ပါဠိလို ဘယ်လိုခေါ်သလဲ"

"သီဟ"

"ရှမ်းလိုကော"

"ကြည့်စမ်း... ကြည့်စမ်း၊ စိုင်းသီဟအကြောင်း ကိုကိုကျော် ဘာသိသလဲ"

"အောင်မယ်... သိပါ့ဗျာ။ သူ့အသက်တောင် ပဓာနမထားဘဲ ဒီနယ်ထဲလာပြီး ဟိုတောင်ထိပ်ကနေ စံအိမ်တော်ကြီးကို မှန်ပြောင်းတစ်လက်နဲ့ ချောင်းရတာ သူ့ခများ"

"ဩော်... ဟုတ်လား"

"ဩော်... ဟုတ်လား လုပ်မနေနဲ့၊ ဦးရီးတော်သာ သိသွားရင်

mgyoe.com

mgyoe.com


တို့များ တွေးတောင် မတွေးဝံ့ဘူး။ သူက ဘာပြုလို့ မှန်ပြောင်းနဲ့ ကြည့်နေတာတဲ့လဲ"

"သန္တာ ဘယ့်နှယ်လုပ် သိသလဲ"

"တစ်ယောက်ယောက် ချိန်းထားပြီး မလာလို့ ဖြစ်မှာပေါ့လေ"

သန္တာ မြတ်ကျော်ကို မျက်လွှာလှန်၍ ကြည့်လိုက်ပြီး...

"ကိုကိုကျော် သူနဲ့ တွေ့ခဲ့ပြီထင်တယ်"

မြတ်ကျော်က...

"ဟုတ်ကဲ့... ခင်ဗျာ့။ ခင်ဗျားနဲ့ သူနဲ့ ချစ်နေကြသတဲ့၊ ဟုတ်သလား ငါ့ညီမ"

သန္တာ လေသံပျော့ကလေးနှင့်...

"မှန်တယ် အစ်ကို"

"အင်း... ဒုက္ခအိုး မီးဖိုပေါ် တင်ကြတာကိုး"

"သန္တာတို့ကို ကိုကိုကျော် ကယ်မှဖြစ်မယ်"

"မလုပ်ပါနဲ့ကွာ။ ဥစ္စာရင်လို ဥစ္စာရင်ခဲ၊ ကိုယ့်ဟာကိုယ် ပြောပါလား"

"ခုန ဘာဘပြောတာ မကြားဘူးလား။ သူ့အသက်ရှင်သရွေ့တော့ ခွန်ပိုင်မျိုးနဲ့ ခွန်နိုင်မျိုး မဆက်ရဘူးတဲ့"

"ဒါဖြင့် သူသေမှပဲ သန္တာတို့ ယူကြပေါ့"

"အဲဒီအခါကျတော့ သန္တာတို့ အသက်တွေက ၆၀ ကျော်ရော့မယ်။ ဘာဘက သူ့အသက် ၁၀၀ ကျော်နေရမယ်လို့ ဗေဒင်က ဟောသတဲ့"

"ဒါဖြင့် ၆၀ ကျော်အောင် စောင့်ကြပေါ့။ ဒါမှ အချစ်စစ်၊ အချစ်မှန်ပဲ"

"ကိုကိုကျော် အားကြီးနောက်သနော်။ သူများရင်ထဲ ဘယ်လိုနေသလဲ မသိဘူး"

"သိပါတယ်ကွာ။ ငါ့ညီမ မပူပါနဲ့။ ဖူးစာကံပါရင် ညားရမှာပေါ့"

"အသက် ၆၀ ကျော်မှ ညားကြတော့ ဘယ့်နှယ်လုပ်မလဲ"

"အဲဒါမှ တစ်ခါတည်း အိုအောင်မင်းအောင် ပေါင်းရတယ်"

mgyoe.com

mgyoe.com


ဖြစ်သွားတာပေါ့။ မကောင်းဘူးလား"

"ကိုကိုကျော်ပဲ အသက် ၆၀ ကျော်မှ ယူ၊ ၆၀ ကျော်မှယူ"

"ဘယ်သူ့ကိုလဲ"

"မသိဘူး"

■

mgyoe.com

mgyoe.com

## [ ၆ ]

နောက်တစ်နေ့ မနက်စာ လက်ဖက်ရည်ပွဲ၌ နယ်စားက ဦးရွှေဒိုး အား...

"ခင်ဗျား ကျားကော ပစ်ဖူးလား"

ဦးရွှေဒိုးသည် ကောက်ညှင်းပေါင်းကို အားရပါးရစားရင်း ပလုပ်ပလောင်းအသံနှင့်...

"ဟင့်အင်း... ကျားဆို ရုပ်ရှင်ထဲမှာပဲ မြင်ဖူးတယ်။ ကျုပ်က ကျားတော့ မပစ်ချင်ပါဘူးဗျာ။ သမင်တစ်ကောင်တလေ ပစ်ရရင် တော်ပါပြီ"

"ဟုတ်ကဲ့... သမင်ပစ်တာ ကောင်းပါတယ်။ ကျားဆိုရင် ကိုယ်ပစ်တာထိလို့ သေပါမှ။ နို့မဟုတ်ရင် ကိုယ့်ပြန်ဒုက္ခပေးတတ်တယ်။ မောင်သာမိုးကော သမင်ပစ်လိုက်မယ် မဟုတ်လားကွယ့်"

"မလိုက်ချင်ပါဘူးဗျာ"

"ဘာပြုလို့လဲ"

"ကျွန်တော် သိရသလောက် သမင်လိုက်တာဟာ မတရားဘူး ထင်တယ်ဗျာ။ ဘာကြောင့်လဲဆိုတော့ သမင်က တစ်ကောင်တည်း ဝိုင်းပြီး တောချောက်တဲ့လူ၊ ပစ်တဲ့လူတွေက အများကြီး။ ကျွန်တော်သာ သမင်

mgyoe.com

mgyoe.com

ပစ်ရမယ်ဆိုရင်တော့ တစ်ယောက်တည်း သွားပစ်မှာပဲ။ ဘယ်သူမှ အဖော်မခေါ်ဘူး"

နယ်စားက မောင်သာမိုးအား ခပ်ချဉ်ချဉ် ဖြစ်သွား၍...

"ဟ... သမင်ပစ်တယ်ဆိုတာ ခုလိုချင် ခုထပစ်လို့ရတာ မဟုတ်ဘူး။ နှစ်ပေါင်းများစွာ ကျင့်သားရဖို့ လိုသေးတယ်။ ကလေးကစားသလို စာကလေးကို လောက်လေးနဲ့ ပစ်တာမျိုး ထင်လို့လား။ မင်း တစ်ယောက်တည်း သွားပစ်လို့ကတော့ သမင်အရိပ်တောင် မြင်ရမှာ မဟုတ်ဘူး"

"မြင်ရုံ ဘယ်ကမလဲဗျာ။ တုံးခနဲနေအောင်တောင် ပစ်ပြလိုက်ချင်ပါသေးတယ်"

"လေကတော့ အတော်ထွားတဲ့ လူဟေ့"

နယ်စားက စိတ်တိုလာသဖြင့် ခပ်ရိုင်းရိုင်းပင် ပြောလိုက်ရာ...

"လေထွားတာ မဟုတ်ဘူးဗျ။ အလောင်းအစားတောင် လုပ်လိုက်ချင်သေးတယ်။ သမင်လောက်တော့ သာမိုးက မျက်စိမှိတ်ပစ်နိုင်တယ်"

"ဟား... ဟား... သမင်ကလည်း မင်းဆို လျှာတောင်ထုတ်ပြသွားလိမ့်ဦးမယ်"

"သြော်... ဦးတို့အရပ်က သမင်တွေ ပြောင်တတ် နောက်တတ်သလား"

"အေး... မင်းကိုဆိုရင်တော့ ကလိတောင် ထိုးသွားလိမ့်မယ် မောင်"

ဟုဆိုပြီး နယ်စားသည် တစ်စုံတစ်ရာကို သတိရသဖြင့် ပြုံးလိုက်ကာ...

"ဒါဖြင့် တို့က မင်းကို အထင်မသေးရအောင် ဒီနေ့ သမင်တစ်ကောင် ပစ်ပြကွာ"

"ကျွန်တော် အလဟဿ သူများအသက်ကို မသတ်ဘူးဗျ"

နယ်စားစိတ်ထဲ ခံပြင်းလာ၍...

"ဒါဖြင့် ငွေ ၅၀ ကြေး အလောင်းအစားလုပ်ကွာ"

"အား... ငွေရမယ့်အလုပ်ဆိုရင်တော့ ကျွန်တော် ဝါသနာပါတယ်။ သမင်ပစ်ဖို့ သေနတ်တစ်လက်သာ ပေးပေရော့"

mgyoe.com

mgyoe.com


နယ်စားက သဘောကျစွာ ရယ်လိုက်ပြီး မောင်သာမိုး ပခုံးကို လှမ်းပုတ်၍...

"သေနတ်ကတော့ လိုချင်တာ ရနိုင်ပါတယ် တူမောင်ရယ်။ နေ့လယ်စာပါ ထည့်ပေးလိုက်ဖို့ ကျုပ် ပြောလိုက်ပါ့မယ်"

"အို... မလိုပါဘူးလေ။ သမင်တစ်ကောင်ပစ်ဖို့များ ထမင်းထုပ် ယူသွားနေရဦးမှာလား၊ ဘယ်လောက်ကြာမှာမို့တုံး"

ဦးရွှေဒိုးက သမက်လောင်းကို သဘောကျစွာဖြင့်...

"ဒါကတော့ အမှန်ပဲ။ ဒီကောင်က မလုပ်ရင်လည်း အရှင်းလုပ်မယ် ဆိုရင်လည်း လက်က မြန်တယ်ဗျ"

နယ်စားက ထိုင်ရာမှ ထ၍...

"ဒါဖြင့် တူမောင်အတွက် ကျုပ် ရိုင်ဖယ်တစ်လက် သွားယူလိုက် ဦးမယ်"

"ပစ်ရင် ကျည်ဆန်တည့်တည့်ထွက်တဲ့ သေနတ်မှနော်"

သူ့စကားကြောင့် နယ်စားခြေလှမ်း တန့်ခနဲ ရပ်သွား၏။ ဒေါသနှင့် မျက်နှာကြီး နီမြန်းသွားလျက် သာမိုး၏ နှာခေါင်းရိုးကို ထိုးချင်စိတ် ပေါ်သွား ကာ...

"မင်းပြောတာ ဘာကွ"

"ဩော်... သေနတ်ဖြောင့်ဖြောင့် ယူခဲ့ပါလို့ ပြောတာပါ။ ကျွန်တော် က တိရစ္ဆာန်ကို အလွဲလွဲ အချော်ချော်နဲ့ ပွတ်သပ်သွားတဲ့ ဒဏ်ရာမျိုး မရစေ ချင်ဘူး။ တစ်ခါတည်း တုံးခနဲ လဲသေသွားအောင် ပစ်လိုက်ချင်တယ်"

"ဩော်... ဒီလိုကိုး။ ဒါနဲ့ ကျုပ်မေးပါရစေဦး။ မင်းသေနတ်ကော ပစ်ဖူးရဲ့လား"

"ဟာ... ပစ်ဖူးတာပေါ့။ ကျုပ်ခြံထဲမှာ သစ်သီးအပင်ဖျက်တဲ့ ရှဉ့်တွေ ပစ်နေကျပဲ"

"ဩော်... ဩော်... ရှဉ့်တွေ လေသေနတ်နဲ့ ပစ်ဖူးတာကိုး။ မြို့ပေါ် က ရှဉ့်ယဉ်လေးတွေ နေမှာပေါ့"

"မဟုတ်ပါဘူး။ အရိုင်းတွေပါ"

mgyoe.com

mgyoe.com

"မင်းကို ငွေ ၅၀ လောင်းမိတာ ဝမ်းနည်းပါတယ်ကွာ"

"ကျွန်တော်လည်း ဦး နောင်တရလိမ့်မယ်လို့ ထင်မိသားပဲ"

"ဟုတ်တယ်ကွယ်၊ ၅၀ ထဲမို့ ၁၀၀ လောက်ဆို ကောင်းမှာ"

"ရပါတယ်လေ။ ၁၀၀ လောင်းချင်လောင်းပါ။ ဦး ငွေမနှမြောရင်"

"ဒါဖြင့် ၂၀၀ လုပ်ကွာ"

"ဟာ... ၁၀၀ ပဲ တော်ပါပြီကွာ။ ကျွန်တော်က ဧည့်သည်ဆိုတော့ အိမ်ရှင်ဆီက ငွေများများ မလိုချင်ပါဘူး"

နယ်စားက ဟွန့်ခနဲ တစ်ချက်ရယ်၍ ထွက်သွားပြီး မကြာမီ ဆီရောင် တပြောင်ပြောင်နှင့် သေနတ်တစ်လက် ယူလာ၍ မောင်သာမိုး လက်ထဲထည့်ရင်း...

"ကိုင်း... ဒီသေနတ် ကြိုက်ပလား ကြည့်ဦး။ မကြိုက်သေးရင် လဲပေးမယ်။ ကျုပ်တို့ဆီမှာ သေနတ်တွေကို ဂရုတစိုက် တိုက်ချွတ်ထားရတယ်"

သာမိုးက သေနတ်ကိုမ၍ မျက်စိနှင့်တပ်ပြီး ဟုတ်ဟုတ်ဟပ်ဟပ် ချိန်ဟန်ပြနေရာ ဦးရွှေဒိုးက သူ့ဘက်လှည့်နေသော ပြောင်းဝကို လက်နှင့် တွန်းဖယ်ပြီး...

နယ်စားက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး သေနတ်ခလုတ်ကို ခြောက်ချက် ခြောက်ချက်လုပ်နေသော မောင်သာမိုးကို ကြည့်ကာ ဦးရွှေဒိုးအား...

"မစိုးရိမ်ပါနဲ့ဗျာ။ ကျည်ဆန် ထည့်မထားပါဘူး။ ကံကောင်း ထောက်မပေလို့ပဲ"

ဤတွင်မှ မောင်သာမိုးက ရိုင်ဖယ်ကို ပခုံးပေါ်ထမ်းပြီး လက်ထဲဖြန့်ကာ...

"ဒါဖြင့် ကျည်ဆန်ပေးလေ"

"အောင်မယ်လေး အခု မပေးပါရစေနဲ့ဦး မောင်ရယ်။ ကျုပ်နဲ့ ဦးရွှေဒိုး နာရီဝက်လောက် ကြောပြီးသွားပါရစေ။ တို့အရှေ့ဘက်ကွင်းထဲ သွားမယ်။ မင်းက ကြိုက်တဲ့ဘက်သွား။ ကြိုက်တဲ့သမင် ပစ်ပေါ့။ ကျုပ်တို့

mgyoe.com

သွားပြီး တော်တော်ကြာမှ မောင်မြတ်ကျော်က မင်းလက်ထဲကို ကျည်ဆန်ထည့်ပေးလိမ့်မယ်။ ကြားလား မြတ်ကျော်"

အနီးရှိ တူတော်မောင်က ခေါင်းညိတ်၏။

"ကဲ... လာ။ ဦးရွှေဒိုး သွားကြစို့"

နယ်စားက ခေါ်သောအခါ ဦးရွှေဒိုးက...

"ကျုပ်ဖို့ သေနတ်ကော ဘယ်မှာလဲ"

"အိုက်ပန်း ယူလာပါလိမ့်မယ်။ မပူပါနဲ့၊ မောင်သာမိုးလက်ထဲ ကျည်ဆန်မရောက်ခင် မြန်မြန်သွားမှဗျ"

နယ်စားက သူ့ရှိနေမှန်း သိသော်လည်း မောင်သာမိုးက မှုန်တေတေဖြင့်...

"အင်း... နယ်စားပြောပုံတွေသာ သူများကြားရင် ကျုပ်ကို သေနတ်မကိုင်ဖူးဘူးလို့ ထင်ကြမှာ"

"သူများတော့ မပြောတတ်ဘူး။ ကျုပ်ကတော့ ဒီအတိုင်းပဲ ထင်တယ်။ ဟား... ဟား... ရှဉ့်ကြီးများတောင် မှန်အောင် ပစ်ဖူးတယ်ဆိုတော့ ကြောက်စရာပ ဟား... ဟား... ဟား..."

ဟု ပြောပြောဆိုဆို လှေကားမှ ဆင်းသွားကြသော ဦးခွန်ပိုင်နှင့် ဦးရွှေဒိုးအား မကျေမချမ်းနှင့် လှမ်းကြည့်နေသော မောင်သာမိုးအား မောင်မြတ်ကျော်က ကျောကိုပုတ်ကာ...

"ဦးရီးတော်ကို ဗွေမယူပါနဲ့ဗျာ။ သူက သမင်ပစ်တာ သူတစ်ယောက်တည်း တတ်တယ်ထင်နေတဲ့လူ"

ဟု မောင်သာမိုးကို တို့ပေးလိုက်ရာ...

"ကြည့်ကြသေးတာပေါ့ဗျာ။ ကျုပ် သမင်သေ ထမ်းပြန်လာတော့မှ သူ့ထက်တော်တဲ့ ဆရာလို့ ခေါ်ရစေမယ်"

"ဒါပေါ့... ဒါပေါ့။ လာဗျာ။ စတိုခန်းထဲ ဝင်သွားပြီး ကျည်ဆန်ယူကြမယ်။ ဘယ်လို ထည့်ရမလဲဆိုတာ ပြပေးမယ်"

"ကျည်ဆန်ထည့်တာများ ခဲခဲယဉ်းယဉ်းလုပ်လို့။ ဒီသေနတ်ထဲ တစ်နေ့ရာရာတော့ ထည့်စရာ ရှိလိမ့်မပေါ့"

mgyoe.com

mgyoe.com

"ဟုတ်တာပေါ့... ဟုတ်တာပေါ့။ လာဗျာ... လာ"

"စတိုခန်းထဲရောက်လျှင် မောင်မြတ်ကျော်က ကျည်ဆန်ဘူးကို ဖွင့်ပြီး...

"ရော့... ဒီမှာ၊ ဘယ်နှစ်တောင့် ယူမလဲ"

"တစ်တောင့်ဆို တော်ပါပြီ။ ကျုပ်က သမင်တစ်အုပ်လုံးပစ်တာမှ မဟုတ်တာ။ တစ်ကောင်တည်းဟာကို"

"တစ်ချက်နဲ့ လွဲသွားရင်ကောဗျာ"

"ရှဉ့်လို ငယ်ငယ်လေးအကောင်တောင် ထိတာ။ ဒီလောက် ကြီးကြီး သမင်ကို မမှန်ဘဲ နေမလားဗျ"

"ဟာ... ဟုတ်တာပေါ့။ ဒါဖြင့် ခင်ဗျားဟာ သမင်ကို တွေ့ဖို့ပဲ လိုတော့တယ်"

"ဒါပေါ့ဗျာ။ သမင်ရှာမတွေ့ရင်တော့ ကျွန်တော် ဘယ်ပစ်နိုင်မလဲ"

"ကောင်းပြီ။ ဒါဖြင့် သမင် ခင်ဗျားဆီ လာတဲ့နည်းကို ကျွန်တော် ပေးမယ်"

"ဘယ်လိုလဲဗျ"

"ဟောဒီက သမင်ချိုတစ်ခုကို ခင်ဗျား ခေါင်းစွပ်သွား။ ချုံကွယ်တွေမှာ လူတစ်ကိုယ်လုံး မမြင်စေဘဲ ဦးချိုသာပေါ်နေအောင် လေးဘက်ထောက် လျှောက်သွား"

"ဒီတော့ ဘာဖြစ်ရောလဲ"

"သမင်ဖိုဆိုတာ ချိုရှိတယ် မဟုတ်လား။ ဒီတော့ သမင်မတွေက ခင်ဗျားဆီကို သမင်ထီးမှတ်လို့ ဝိုင်းလာကြတာပေါ့။ ဒီတော့ ကြိုက်ရာ အကောင်မကို ပစ်ထည့်လိုက်ရုံပဲ"

"တကယ်ပဲလား"

"သမင်မတွေ ရုတ်တရက် မလာသေးဘူးဆိုရင် ဘိုတိုတောက် ဘိုတိုတောက်လို့ ဖိုသံပေးလိုက်"

"လာရောလား"

"ဟာ... အသေအချာပေါ့"

mgyoe.com

mgyoe.com


"ခင်ဗျားဟာ ဟုတ်မှ လုပ်ပါဗျာ"

"အမယ်လေးလေ… ဟောဒီ သမင်ချိုတွေ ကြည့်စမ်း။ ဒါတွေဟာ ကျွန်တော့်အဘိုးများ အဲဒီနည်းနဲ့ ပစ်လာတာပေါ့"

"တောထဲမှာ သမင်တစ်ကောင် မြင်တယ်ဆိုရင် ဒီပြင့် သမင်တွေက အထီးရော၊ အမရော လာကြတာပဲဗျာ။ သမင်ဆိုတာ အင်မတန် စူးစမ်းစပ်စုတတ်တဲ့စိတ် ရှိတယ်မဟုတ်လား။ လူသာ မမြင်ရရင် အဝတ်စကလေး တုတ်မှာချည်ပြီး ထောင်ပြတာတောင် လာပြီး ကြည့်တတ်တာ"

"ဟုတ်တယ်… ဟုတ်တယ်။ ဒါမျိုး ဝေါ့ဒစ္စနေး ရုပ်ရှင်ကားတွေထဲမှာ ကျွန်တော် မြင်ဖူးတယ်"

"ဒါကြောင့် ခင်ဗျား ကျွန်တော် ပြောတာပေါ့"

"ဒါနဲ့ နေပါဦး။ ကျွန်တော့်ခေါင်း သမင်ချိုကြီး စွပ်သွားတော့ ရယ်စရာကြီး ဖြစ်နေမလား"

"တောထဲ ခင်ဗျား ဘယ်သူက မြင်မှာမို့လဲဗျာ။ ကျွန်တော်က ဒီအရပ် မရောက်ဖူးတဲ့ ဧည့်သည်တစ်ယောက်မို့ စေတနာနဲ့ အကြံပေးတာ"

"ကောင်းပြီလေ။ ကျွန်တော်က သုတေသန လိုက်စားနေတာနဲ့တော့ အဆင်သင့်ပဲ။ ကိုယ်တွေ့ စမ်းကြည့်မယ်"

* * *

နေသာသဖြင့် နံနက်ခင်းသည် သာယာလှသည်။ မြက်ခင်းပြင်က တောပန်းပွင့်ကလေးများပေါ်တွင် လိပ်ပြာများ ပျံဝဲနေကြသည်။

ချုံပုတ်ထဲက ချိုးများကူ၊ ဘုတ်များ အီနေကြသည်။ တစ်ချက်တစ်ချက် ကောင်းကင်အမြင့်မှ စွန်အော်သံကို မကြာခဏ ကြားနေရသည်။ တောအတွင်း လေပြည်သည် ထင်းရှူးနံ့၊ တောပန်းနံ့တို့ဖြင့် ထုံလှိုင် ကြိုင်ပျံ့နေ၏။

မောင်သာမိုးသည် တော၏ သဘာဝအလှကို ဂရုမစိုက်နိုင်ဘဲ သမင်တစ်ကောင် လောင်းကြေး ၁၀၀ ကျပ်ကိုသာ မျက်စိထဲမှာ မြင်ယောင်နေသည်။ စံအိမ်တော်မှ တော်တော်ဝေးကွာလာပြီဆိုသည်နှင့် နဖူးပေါ်

mgyoe.com

mgyoe.com


လက်ကာ၍ ကာ၍ သမင်တစ်ကောင်တလေများ တွေ့ရနိုး ကြည့်ရသည်မှာ ကလည်း အမော။

သည်လိုနှင့် တောင်ကမူစာကလေးတွေ လေးငါးလုံး ဖြတ်ကျော် မိလတ်သော် သည်ခရီးမျိုးကို အကျင့်ကလည်း မရှိ၊ နေကလည်း ပူလာ၊ လူကလည်းပန်း၊ ဝမ်းကလည်း ဟာလာသည်။

အိမ်မှ မောင်မြတ်ကျော် ကျကျနန ချည်နှောင်ပေးလိုက်သည့် ဦးခေါင်းပေါ်က သမင်ချိုကြီးကလည်း လေးလာပြီး စမ်းချောင်းငယ် တစ်ခုသို့ရောက်သည်၌ ရေဆာဆာနှင့် တဝကြီးသောက်လိုက်ပြီး ချောင်း ကမ်းနံဘေးကျောက်ဆောင်တစ်ခုကို မှီထိုင်ကာ အမောဖြေနေလိုက်၏။

ထိုစဉ်မှ ဘေးဘီကို ဂရုတစိုက်ကြည့်မိရာ မိမိမှာ တောင်ခြေ တစ်ခုတွင် ရောက်နေပြီး ရှေ့တူရူ၌ ခြက်ခင်းကြီးတစ်ခုက မျက်စိတဆုံး ရှိနေ၏။

သည်အထဲတွင် သမင်၊ ဒရယ်တွေ ဧကန္တရှိရမည်ဟု တွေးတော ရင်း ခေါင်းပေါ်က သမင်ချိုကို လက်နှင့် စမ်းကြည့်မည်ပြုစဉ်မှာ ဒိုင်းခနဲ သေနတ်သံတစ်ချက် ကြားရလိုက်ရပြီး မိမိထိုင်နေသည့် ကျောက် ဆောင်မှ ကျောက်ခဲကျောက်မှုန့်များ ဖွားခနဲ ကျဲသွား၏။

သူသည် တောင်ကြည့်မြောက်ကြည့်နှင့် သေနတ်သံလာရာကို ကြည့်နေစဉ် နောက်ထပ်သေနတ်သံတစ်ချက်နှင့် ကျည်ဆန်တစ်တောင့်က မိမိခေါင်းအထက် တစ်ထွာခန့်တွင် လာမှန်ပြန်ရာ...

"ဟော့... ငါ သမင်မဟုတ်ဘူး။ သမင် မဟုတ်ဘူး"

ဟု အော်လျက် ကြောက်အားလန့်အားနှင့် ခပ်လှမ်းလှမ်းရှိ တောထဲ သို့ လေးဘက်ထောက်ဝင်ပြေးပြီး ချိုင့်ကလေးတစ်ခုထဲတွင် လေးဘက် ထောက် ဝပ်နေလိုက်ရင်း "ဒီအရပ်က လူတွေက တယ်ပြီး သမင်ငတ်ကြပါ လား" ဟု ဒေါပွမိသည်။ သို့သော် တုတ်တုတ်မျှ မလှုပ်ဝံ့။ နောက်ထပ် ကျည်ဆန်လာမှာ ကြောက်နေရသည်။

သို့သော် ကျည်ဆန်တော့ မလာပေ။ ပတ်ဝန်းကျင်သည် ရှမ်း ပြည်နယ် သဘာဝ ပုစဉ်းရင်ကွဲအော်သံများသာ တဝီဝီနေ၏။ မောင်သာမိုး

mgyoe.com

သည် အသက်မျှ ပြင်းပြင်း မရှူဝံ့ဘဲ ခြေသလုံးမှ ပေါင်းတွင်းတရွရွတက်လာ သော ပုရွက်ဆိတ်ကိုပင် လက်နှင့်မပွတ်ဝံ့အောင် ကြိတ်မှိတ်နေရသည်။ နောက်ထပ် ၅ မိနစ်လောက်ကြာ၍ သေနတ်သံ မကြားရလျှင် မိမိအား သမင်မှတ်၍ပစ်သော သေနတ်သမား မျက်ခြည်ပြတ်သွားပြီမို့ ဤနေရာမှ ထွက်ခွာတော့မည်ဟု စိတ်ကူးနေစဉ် တင်ပါးကို ဆတ်ခနဲ အတို့ခံရသဖြင့် သမင်ချိုနှမ့်သမင်လည်ပြန်ကြည့်လိုက်ရာ ဘယ်အချိန်က ခြေသံမကြား၊ ဘာမကြား ရောက်နေသည်မသိရသော အရပ်ထောင်ထောင် မောင်းမောင်း၊ မျက်ခုံးမွေး ထူထူစိမ်းစိမ်း၊ မျက်လုံးနက်နက်နှင့် အသက်နှစ်ဆယ်ခန့် လူငယ်တစ်ယောက်၊ သေနတ်ဒင်ကို မြေမှာထောက်၍ မိမိအား မျက်မှောင်ကြုတ်၍ ကြည့်နေသည်ကို အံ့သြစွာ တွေ့ရလေသည်။ ထိုအခါ မောင်သာမိုးသည် မိမိ ကြောက်အားနှင့် ဖင်ပူးတောင်းထောင်၍ ပုန်းနေရသည့်အဖြစ်ကို လူမိသဖြင့် ရှက်ကိုးရှက်ကန်းနှင့် ထရမလို၊ ထိုင်ရမလိုဖြစ် နေစဉ် ၎င်းလူငယ်က ကင်းဘတ်ဖိနပ်စီးထားသော ခြေထောက်ဖြင့် မောင်သာမိုး နံကြားကို ခပ်ဆတ်ဆတ်ကလေး တို့လိုက်ပြီး...

"သမင်ချိုကြီး ခေါင်းမှာဆောင်းပြီး ဘာလုပ်နေတာလဲ။ အခု မြန်မြန်ထစမ်း"

လူငယ့်ရုပ်သွင်က ချောမောတောင့်တင်းသလောက် အမူအရာက ကြမ်းတမ်းခက်တရော်သည်။ မျက်လုံးများမှာ သိန်းငှက်ကဲ့သို့ တောက်ပြောင်နေသည်။

မောင်သာမိုးအား သူရူးတစ်ယောက်ကို မြင်ရသည်နှင့် ရွံ့ရှာစက်ဆုပ်ဟန်ဖြင့် စိုက်ကြည့်နေ၏။ မောင်သာမိုးမှာ တဆတ်ဆတ်တုန်နေသော ဒူးနှစ်ဖက်ကို အားယူ၍ ထလိုက်ပြီး မိမိကိုယ်ကိုယ် ဖုတ်ဖက်ခါမည်ပြုနေစဉ် အသံခပ်ထန်ထန်ဖြင့်...

"ဒီမှာ ဘာလုပ်နေတာလဲ။ ပြောလေ"

မောင်သာမိုးက ညောင်နာနာ အသံလေးဖြင့်...

"သမင် ချောင်းနေတာ"

လူငယ့်မျက်လုံးသည် မီးဝင်းဝင်းတောက်သွားသလား ထင်ရကာ

mgyoe.com

mgyoe.com


ရှေ့တစ်လှမ်း တိုးလျက်...

"ဩော်... ဩော်... သမင် ချောင်းနေတယ် ဟုတ်လား။ တွေ့ရင် ဘာလုပ်မယ် စိတ်ကူးသလဲ"

"ပစ်မှာပေါ့"

သည်တော့ လူငယ်က တင်းမာသောအသံနှင့် ရယ်မောကာ...

"ဟား... ဟား... ဟား... လက်စသတ်တော့ သမင်သူခိုးနဲ့ လာတွေ့နေပါရောလား"

မောင်သာမိုးသည် သူ့ သူခိုးစွပ်စွဲသည်ကိုတော့ မခံနိုင်။

"ကျုပ် နယ်စားခွင့်ပြုချက်နဲ့ လာတာဗျ"

"ဘယ်နယ်စားလဲ"

"ခွန်ပိုင်နယ်စားပေါ့။ ကျုပ်က သူ့အိမ်တော် အလည်ရောက်နေတဲ့ ဧည့်သည်ပဲ"

"အေး...ဒါဖြင့် ခွန်ပိုင်မျိုးတွေဟာ သူတို့တွင်မက သူတို့ဆီ လာတဲ့ ဧည့်သည်ပါ သမင်ခိုးဖို့ ညွှန်ကြားနေတာကိုး"

"သူ့နယ်ထဲ သူ သမင်ပစ်ခိုင်းတာကို"

"တိတ်စမ်း။ ဒါ သူ့ပိုင်နယ် မဟုတ်ဘူး။ ခွန်နိုင်နယ်။ ကျုပ်က စိုင်းသီဟပဲ။ ခင်ဗျားကို ကျုပ် ဖမ်းတယ်"

ဟု ပြောရင်း ထောက်ထားသည့် သေနတ်ကိုမ၍ သူ့ရင်ဘတ်သို့ ချိန်လိုက်ရာ မောင်သာမိုးက ကြောက်ရွံ့၍ ကပျာကမီ သေနတ်ပြောင်းဝကို တွန်းဖယ်လိုက်ရာ စိုင်းသီဟ ဒေါပွသွားလျက်...

"အောင်မယ်... ကျုပ်သေနတ်ကို လုမယ် စိတ်ကူးသလား။ နောက်ဆုတ်လိုက်စမ်း။ တစ်ခါတည်း ပွင့်သွားမယ်။ ဘာမှတ်သလဲ"

မောင်သာမိုးသည် အမိန့်အတိုင်း နောက်သို့ဆုတ်လိုက်ရာ သူ့ခြေထောက်တွင် အမှတ်မထင် ရစ်လျက်ရှိသော နွယ်တစ်ခွေကြောင့် ခြေကို တုတ်ဆွဲလိုက်သလိုဖြစ်ပြီး ပက်လက်လန်လဲကျတော့သည်။ သူ့အဖြစ်ကို ခပ်တည်တည်ပင်ကြည့်နေသော စိုင်းသီဟက ဗျစ်ခနဲ တံတွေးတစ်ချက် ထွေးလိုက်ပြီး...

mgyoe.com

"လူပုံက ပျာယီးပျာယာနဲ့ ခေါင်းပေါ် သမင်ချိုကြီးဆောင်းထားတာ ဘာသဘောလဲ"

"နို့... ရှမ်းပြည်မှာ သမင်လိုက်ရင် ဒီလိုလုပ်ရတယ်ဆို"

"ဘယ်သူက ပြောတုန်း"

"ဦးခွန်ပိုင်တူ စိုင်းမြတ်ကျော်"

ဤတွင်မှ စိုင်းသီဟသည် မောင်မြတ်ကျော် ဟာသကို တွေးမိ၍ ပြုံးသယောင်ပြုကာ...

"သြော်... ဆရာကျော်နဲ့ တွေ့လာတာကိုး။ ကဲ... စကားရှည်မနေနဲ့။ ခင်ဗျားကို ကျုပ်ပိုင်နက်ထဲ ကျူးလွန်မှု၊ သမင်ခိုးဖို့ ကြံစည်မှုနှင့် ဖမ်းတယ်။ အေးအေးသက်သာ လိုက်ရင်လိုက်၊ မလိုက်ရင် ခြေထောက်သေနတ်နဲ့ ပစ်ချိုး လိုက်မယ်"

သူတို့သည် တောင်တစ်လုံးနှင့် တောတစ်တောကို ဖြတ်ကျော်မိလျှင် အိုမင်းယိုယွင်းနေပြီဖြစ်သော်လည်း ရှေးကျကျ ခမ်းနားလှသည့် ရောမ သစ်သားအိမ်ကြီးတစ်ဆောင်သို့ ရောက်လာကြ၏။ စိုင်းသီဟက မောင်သာမိုး အား အခန်းတစ်ခုထဲသို့ ခေါ်သွားလျက် အတွင်းမှာ ပက်လက် ကုလားထိုင် တစ်ခုနှင့် ဆေးတံကြီးခဲထားသည့် အဘွားကြီးအား...

"ဟောဒီမှာ သူခိုးတစ်ယောက် ဖမ်းလာတယ် မယ်မယ်"

အဘွားကြီးက ပါးစပ်မှ ဆေးတံကိုချွတ်၍ ဖွမ်ခနဲ တံတွေးထွေး လိုက်ပြီး...

"ဘယ်က သူခိုးလဲ အစိုင်း"

"သူခိုးဆိုရင် ဒီနားတစ်ဝိုက် ဘယ်သူရှိဦးမှာလဲ။ ခွန်ပိုင်တွေပေါ့"

အဘွားကြီး၏ မျက်လုံးများ ဝင်းခနဲ တောက်ပလာရာ ကိုသာမိုးက ဤမြေးအဘွားနှစ်ယောက်မှာ တစ်ယောက်က ငယ်ရွယ်နုပျိုလှပြီး တစ်ယောက်က အိုမင်းရွတ်တွနေသော်လည်း တူညီလှသော အရာမှာကား သိန်းငှက်ကဲ့သို့ ဝိုင်းစက်မည်းနက်တောက်ပသော မျက်လုံးများဖြစ်သည်ကို သတိပြုမိလေ၏။

အဘွားအိုက သူတို့နှစ်ယောက်ကို အနီးသို့လာရန် လက်ပြခေါ်

mgyoe.com